ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

နဝမနေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၆ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်ပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)အရ ကတိသစ္စာ မပြုရသေးတဲ့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းက ဥက္ကဋ္ဌ ရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းက စင်မြင့်ရှေ့မှာ နေရာယူပေးဖို့ဖြစ်ပါတယ်။

ကတိသစ္စာကို တိုင်ပေးတဲ့အခါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းက လိုက်ဆိုဖို့ ဖြစ်ပါတယ်။

ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

ကတိသစ္စာတိုင်ပေးတဲ့အခါမှာ ကျွန်ုပ်ဆိုပြီးတဲ့နောက် မိမိအမည်ကို ထည့်သွင်းရွတ်ဆိုဖို့ ဖြစ်ပါတယ်။ (လိုက်ဆို)

"ကျွန်ုပ် - - - - - - - - - - - - - သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

အားလုံး ထိုင်နိုင်ပါပြီ။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၄။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့မှာ လွှတ်တော်

အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၇၆.၄၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါ့မယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၅။**

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ ၆-၈-၂၀၂၀ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်မ ဒေါ်သီရိရတနာ က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်။ ဒေါ်လွီးဇာ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးငွန်ပေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်တင်ဆွေ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးမာန်လေးမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကျန်းမာရေး။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအစည်းအဝေး တက်ရောက်ရန်။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၉)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ(၂၃)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၅၂)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀:၁၉။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၁၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၅၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(င) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀:၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(ဖ) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော်အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန်ဖြစ်သော်လည်း သတ်မှတ်ထားသည့် အချိန်အတွင်း မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

**ဝိုင်းမော်-မန်ဝိန်း-ချီဖွေ သွားသောကားလမ်းပေါ်ရှိ လမ်းဦးစီးဌာနမှ လမ်းအသုံးပြုခ ကောက်ခံခွင့်ပြုထားခြင်းမရှိဘဲ လမ်းအသုံးပြုခကောက်ခံနေသော ပြည်သူ့စစ်ဂိတ်များကို အမြန်ဆုံး ဖြုတ်သိမ်းပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၁။**

**ဥက္ကဋ္ဌ။** ။ ယခု ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဇယ်ခေါင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၁။**

**ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ လမ်းအသုံးပြုခ ကောက်ခံနေသော ပြည်သူ့စစ်ဂိတ်များကို ဖြုတ်သိမ်းပေးနိုင်ခြင်း ရှိ/မရှိဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ ကျွန်တော်တို့၏ မဲဆန္ဒနယ်ဖြစ်သော ဝိုင်းမော်မြို့နယ်အတွင်းရှိ ဝိုင်းမော်-ချီဖွေသွားကားလမ်းမကြီးသည် ဝိုင်းမော်မြို့နယ်အတွင်း မိုင်(၅၀) ခန့်ရှိပါသည်။ ဤလမ်းမကြီးကို ပြည်ထောင်စုရန်ပုံငွေ ပြည်နယ်ရန်ပုံငွေဖြင့် ၂၀၁၈ ခုနှစ်တွင် ကတ္တရာလမ်းခင်းပြီးဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနအနေနဲ့ လမ်းအသုံးပြုခ ကောက်ခံခြင်းမရှိဘဲ ပြည်သူ့စစ်တပ်ဖွဲ့မှ နွမ်မော်ယန် သံတံတားအနီးတွင် မောင်းတံဂိတ်ထားရှိ၍ လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်နှင့် မန်ဒေါင်ကျေးရွာတွင် မောင်းတံဂိတ်ထား၍ လမ်းအသုံးပြုခ

ကောက်ခံနေပါသည်။ မန်ဝိန်းကျေးရွာတွင်လည်း ဂိတ်ထားရှိပြီး ဟင်းဖိုးကောက်ခံနေပါသည်။ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်နေသော ကားများထံမှ လမ်းအသုံးပြုခကောက်ခံခြင်း၊ ကားတစ်စီးကို ဟင်းဖိုးအနေနဲ့ ကျပ်(၁၀၀၀၀)၊ ကျပ်(၂၀၀၀၀) ထပ်မံတောင်းခံနေသောကြောင့် အခက်အခဲတွေနဲ့ ကြုံတွေ့နေရပါတယ်။ ဟင်းဖိုးမပေးသော အချို့ကားဆရာများကို သေနတ်ဖြင့်ချိန်၍ ပစ်ခတ်မည်ဟု ခြိမ်းခြောက်မှုများကိုလည်း ကြားသိရပါသည်။

သို့ဖြစ်ပါ၍ ကာကွယ်ရေးဝန်ကြီးဌာနကို မေးမြန်းလိုသည်မှာ ဝိုင်းမော်-မန်ဝိန်း-ချီဖွေ သွားကားလမ်းမပေါ်ရှိ လမ်းဦးစီးဌာနမှ လမ်းအသုံးပြုခ ကောက်ခံခွင့်ပြုထားခြင်းမရှိဘဲ လမ်းအသုံးပြုခကောက်ခံနေသော ပြည်သူ့စစ်ဂိတ်များကို အမြန်ဆုံး ဖြုတ်သိမ်းပေးနိုင်ခြင်း ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၃။**

**ဗိုလ်ချုပ်မြင့်နွယ် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇယ်ခေါင် မေးမြန်းသည့် ဝိုင်းမော်-မန်ဝိန်း-ချီဖွေသွားသောကားလမ်းပေါ်ရှိ လမ်းဦးစီးဌာနမှ လမ်းအသုံးပြုခ ကောက်ခံခွင့်ပြုထားခြင်း မရှိဘဲ လမ်းအသုံးပြုခကောက်ခံနေသော ပြည်သူ့စစ်ဂိတ်များကို အမြန်ဆုံး ဖြုတ်သိမ်းပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းပါ ဝိုင်းမော် - မန်ဝိန်း - ချီဖွေ ကားလမ်းသည် ကချင်အထူးဒေသ(၁) နယ်မြေအတွင်းပါဝင်ပြီး အဆိုပါနယ်မြေအတွင်း နယ်မြေလုံခြုံရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် သောင်းကျန်းသူ အမြစ်ပြတ် ချေမှုန်းနိုင်ရေးတို့အတွက် ပန်ဝါ ပြည်သူ့စစ်(ဌာနေ)အဖွဲ့အား ဒေသခံပြည်သူ့စစ်(ဌာနေ)အဖွဲ့များအဖြစ်ဖွဲ့စည်းခဲ့ပါတယ်။ ၎င်းအဖွဲ့သည် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန်အတွက် ဒေသတွင်း အချို့နေရာများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကိုယ်ထူကိုယ်ထ ဆောင်ရွက်ခဲ့သည်များရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

အဆိုပါ ဒေသခံပြည်သူ့စစ်အဖွဲ့များသည် လက်ရှိအချိန်တွင် ရပ်ရွာလုံခြုံရေးနှင့် နယ်မြေ စိုးမိုးရေး တာဝန်များကိုသာ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ တရားဥပဒေဘောင်အတွင်း၌သာ ငြိမ်းချမ်းစွာ လိုက်ပါနေထိုင်လျက်ရှိကြောင်းနှင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှလည်း ပြည်သူ့စစ် (ဌာနေ)အဖွဲ့ များအား လုံခြုံရေးနှင့် မသက်ဆိုင်သည့်ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်စွက်ဖက်ခြင်း မပြုရန် ညွှန်ကြားကြပ်မတ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

၃၀-၅-၂၀၂၀ ရက်နေ့တွင် တိုင်းစစ်ဌာနချုပ် စစ်ဗျူဟာအဖွဲ့မှ စစ်ဗျူဟာမှူး ဦးဆောင်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ရာ ဝိုင်းမော်-မန်ဝိန်း-ချီဖွေ သွားသော ကားလမ်းပေါ်တွင် ရပ်ရွာလုံခြုံရေးနှင့်ဆိုင်သော ကျေးရွာအလိုက် စခန်းများမှအပ ဂိတ်စခန်းများ၊ မောင်းတံဂိတ်များ မရှိကြောင်း စိစစ်ခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများကိုလည်း ၁-၆-၂၀၂၀ ရက်နေ့တွင် တိုင်းစစ်ဌာနချုပ်သို့ ခေါ်ယူတွေ့ဆုံပြီး ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရပ်ရွာလုံခြုံရေးနှင့် သက်ဆိုင်သောကိစ္စရပ်များမှအပ နယ်ဘက်အုပ်ချုပ်မှု ကိစ္စရပ်များတွင် ပါဝင်ပတ်သက်မှုမရှိစေရေး၊ တရားမဝင်ကိစ္စရပ်များ၊ ဥပဒေနှင့် မလွတ်ကင်းသော ကိစ္စရပ်များတွင် ပါဝင်ပတ်သက်မှု မရှိစေရေး၊ အမိန့်နှင့် ညွှန်ကြားချက်များအပေါ် အလေးထား လိုက်နာဆောင်ရွက်သွားရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇယ်ခေါင် ၏ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ လက်ရှိအချိန်တွင် ဝိုင်းမော်-မန်ဝိန်း-ချီဖွေသွားသော ကားလမ်းတစ်လျှောက် လုံခြုံရေးနှင့် မသက်ဆိုင်သည့်ကိစ္စရပ်များ မရှိသည့်အပြင် ထပ်မံမဖြစ်ပေါ်စေရေး အလေးထား လိုက်နာဆောင်ရွက် သွားရန် ဇွန်လ ၁ ရက်နေ့တွင် ပြည်သူ့စစ်(ဌာနေ) အဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများအား တိုင်းစစ်ဌာနချုပ်သို့ ခေါ်ယူတွေ့ဆုံ၍ ညွှန်ကြားထားပြီးဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ခေါင်လန်ဖူးမြို့နယ်၊ ဇီးထန်ကျေးရွာအုပ်စု၊ ချီလာဝါဒီကျေးရွာ သို့မဟုတ် လော်ပူးချီလာကျေးရွာတွင် တရားဝင် (မြန်မာ-တရုတ် ကျောက်တိုင်အမှတ်-၃၁) ဝင်ထွက်ဂိတ် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် နယ်စပ်ကူး စာအုပ် (BP) ထုတ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဝူ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၆။**

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့်ဝင်ဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်ရဲ့ ပူတာအိုခရိုင် မြို့တစ်မြို့ဖြစ်တဲ့ အရှေ့ဘက် စူးစူးကျတဲ့ ခေါင်လန်ဖူးမြို့နယ်ဟာဆိုရင် ကျွန်တော်တို့ တရုတ်ပြည်၊ ယူနန်ပြည်နယ်၊ တိဘက် ပြည်နယ်တို့နှင့် မိုင်(၄၀၀)နီးပါး ထိစပ်လျက်ရှိပါတယ်။ အဲဒီလိုရှိတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့ ဂိတ်တွေကတော့ တရားမဝင်ပေါ့လေ။ ဟိုးရှေးပဝေသဏီက ဖြတ်သွားဖြတ်လာ ဝင်/ထွက်နေကြတဲ့ ဂိတ်တွေကတော့ (၂၉)၊ (၃၀)၊ (၃၁)၊ (၃၆)၊ (၄၁)၊ (၄၅)၊ (၄၆)တို့ဖြစ်ပါတယ်။ တရားမဝင်တဲ့ ဂိတ်က (၇)ခုရှိတယ်။ တရားဝင်တဲ့ဂိတ်ကတော့ ကျွန်တော်တို့ ပူတာအိုခရိုင်မှာ တစ်ခုမှ မရှိပါဘူး ခင်ဗျား။ ကျွန်တော်တို့ တိုင်းရင်းသားဒေသခံတွေက အင်မတန် ခက်ခဲပါတယ်။ စောစောက ဦးဇယ်ခေါင် လိုပဲ။ ကျွန်တော်တို့ဆီမှာလည်း ရှေ့တန်းတာဝန်ကျတဲ့ တပ်မတော် တပ်ရင်းများနဲ့ ပြည်သူ့စစ်များပဲ ဂိတ်တံ၊ မောင်းတံရှိတော့ ကျွန်တော်တို့ အသွားအလာ၊ အဝင်၊ အထွက်တွေက ဖမ်းဆီးရမိတဲ့ အချိန်မှာလည်း သစ်တွေ၊ သယံဇာတတွေ၊ သတ္တုတွေကလည်း ပိုင်ရှင်မဲ့ ထုံးစံအတိုင်းပေါ့လေ။ အဲဒီလို ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒေသခံများအနေနဲ့ကတော့ အင်မတန် နောက်ကျကျန်ခဲ့ပါတယ်။ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှာပေါ့။

ဒါကြောင့် ကျွန်တော်တို့ နောက်ကျကျန်ခဲ့တဲ့ ပူတာအိုခရိုင် ခေါင်လန်ဖူးဒေသတွေကို မြှင့်တင်ပေးဖို့ကတော့ ဒီဂိတ်လည်း တရားဝင်ပေါ့။ (BP) Pass ပေါ့။ Border Pass Book လေးနဲ့ သွားနေတဲ့ ဂိတ်လေးပေါ့။ လ.ဝ.က များ၊ အခွန်ဌာနနဲ့ ပြည်သူ့ရဲများ ဒီလိုဂိတ်လေးတစ်ခုတော့ ကျွန်တော်တို့အနေနဲ့ မူဆယ်တို့လို၊ ကန်ပိုက်တီတို့လို စီးပွားရေးဂိတ်ကြီးတော့ ကျွန်တော်တို့ မတောင်းပါဘူးခင်ဗျား။ ကျွန်တော်တို့ဒေသမှာ အဲဒီလို လိုအပ်နေတဲ့အရာက အင်မတန်ခက်ခဲ နေတယ်။ ဒါကြောင့် နှစ်စဉ်နဲ့အမျှ ကျွန်တော်တို့က ဆန်ရေစပါး ငတ်မွတ်ခေါင်းပါးတာတွေလည်း ကြုံနေရပါတယ်။ ကိုဗစ်ကြောင့်ပဲ မဟုတ်ပါဘူး။ ဒီနှစ် ပိုခက်ခဲတာပေါ့။ ဒါကြောင့်မို့လို့ အသင့်

တော်ဆုံးဖြစ်တဲ့ ဥပမာ ချင်းရွှေဟော်ဆိုရင် အနည်းဆုံး (၅)လလောက် သူက ဆီးနှင်းဖုံးတယ် ဆိုတော့ ဒီလမ်းဆုံလမ်းခွ လည်းဖြစ်တဲ့ လော်ဝူးချီလာပေါ့။ ဒါမှမဟုတ်လည်း ချီလာဝါဒီမှာ နယ်စပ်ဖြတ်ကျော် Pass Book ဂိတ်လေးဖွင့်ပေးရန် အစီအစဉ် ရှိ/မရှိ လေးစားစွာဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၁၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၉။**

**ဦးမြင့်ကြိုင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂျေယောဝူ က ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ခေါင်လန်ဖူးမြို့နယ်၊ ဇီးထန်ကျေးရွာအုပ်စု၊ ချီလာဝါဒီကျေးရွာ သို့မဟုတ် လော်ဝူးချီလာကျေးရွာတွင် (မြန်မာ-တရုတ် ကျောက်တိုင်အမှတ်-၃၁)မှာ တရားဝင် နယ်စပ်ဝင်/ထွက်ဂိတ် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် နယ်စပ်ဖြတ်ကျော်တဲ့စာအုပ် Border Pass(BP) ထုတ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင် က ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြားမှာ ၂၅-၃-၁၉၉၇ ရက်နေ့မှာ ချုပ်ဆိုခဲ့တဲ့ မြန်မာ-တရုတ်နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အရ နယ်စပ်ဝင်/ထွက်ပေါက် (၈)ခု ဖွင့်လှစ်ခဲ့ပါတယ်။ ဒီ(၈)ခုကို ကချင်ပြည်နယ်မှာ (၂)ခု၊ ရှမ်းပြည်နယ်မှာ (၆)ခု ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ မြန်မာ-တရုတ် သဘောတူစာချုပ်အရ နယ်စပ်ဒေသခရိုင်အတွင်းမှာ နေထိုင်တဲ့ မြန်မာနိုင်ငံသားများကို နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် Border Pass(BP) ဖြင့်လည်းကောင်း၊ နယ်စပ်ဒေသခရိုင် ပြင်ပနေထိုင်သူများကို ယာယီနယ်စပ်ဖြတ်သန်းခွင့် လက်မှတ် (Temporary Border Pass-TBP) ဖြင့်လည်းကောင်း ဝင်/ထွက် ခွင့်ပြုလျက်ရှိပါတယ်။ ကချင်ပြည်နယ်၊ ကန်ပိုက်တီ - ဟွဂျိုး၊ လွယ်ဂျယ် - ကျန်းဖန် နယ်စပ်ဝင်/ထွက်ပေါက်(၂)ခုမှာ မြန်မာနိုင်ငံသားများကို တရုတ်နိုင်ငံဘက်သို့ ဝင်/ထွက်ရန်အတွက် Border Pass(BP)ဖြင့် ဝင်/ထွက် ခွင့်ပြုလျက်ရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား။ မြန်မာ-တရုတ် နှစ်နိုင်ငံသဘောတူစာချုပ်မှာ နယ်စပ်ဖြတ်သန်းခွင့် လူဝင်၊ လူထွက်နေရာများနှင့် ပတ်သက်ပြီး စာချုပ်ပါ အချက်အလက်များကို ကောက်နုတ်တင်ပြလိုပါတယ်။ စာပိုဒ် (၂၁)၊ စာပိုဒ်ခွဲ ၂(ခ)မှာ နယ်စပ်ဒေသ သွားလာ ဝင်/ထွက်ခွင့် လက်မှတ်ကိုင်ဆောင်ထားသော စာချုပ်ဝင်နှစ်နိုင်ငံရဲ့ နိုင်ငံသားများနဲ့ ကုန်ပစ္စည်းများ နယ်နိမိတ်ကို ဖြတ်ကျော်ရာမှာ ချင်းရွှေဟော်၊ မန်တိန်း၊ ကန်ပိုက်တီ - ဟွဂျိုး၊ လွယ်ကျယ် - ကျန်းဖန်၊ ရန်လုံကြိုင် - နန့်ဆန်၊ နန်းခမ်း - နေ့ာင်ဒါအို လူဝင်/ လူထွက်နေရာများမှတစ်ဆင့် ဖြတ်ကျော်ခွင့်ပြုရမည်ဟု ပါရှိပါတယ်။

စာပိုဒ်(၂၁)၊ စာပိုဒ်ခွဲ(၃)မှာ စာချုပ်ဝင် နှစ်နိုင်ငံဟာ သဘောတူစာချုပ်မှာ ပြဋ္ဌာန်းထားတဲ့ လူဝင်/လူထွက်နေရာ ဌာနများအပြင် အခြားနေရာဌာနသစ်များကို အခြေအနေနှင့် အချိန်အခါ သင့်သောအခါတွင် ဖွင့်လှစ်ရေးကိစ္စအား သံတမန်ဆက်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် ဆုံးဖြတ်ရမည်လို့ ပါရှိပါတယ်။ ဒါကြောင့် နယ်စပ်လူဝင်/လူထွက်စစ်ဆေးရေးဂိတ်တစ်ခု ထပ်မံဖွင့်လှစ်ရန်မှာ နိုင်ငံတော်ရဲ့မူဝါဒ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်များနှင့်အညီ နှစ်နိုင်ငံ သံတမန် လမ်းကြောင်းမှညှိနှိုင်းပြီး ဖွင့်လှစ်ရေး စိစစ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ခေါင်လန်ဖူးမြို့နယ်ဟာ မြန်မာ-တရုတ် ကျောက်တိုင်အမှတ်(၃၁) တရားဝင်နယ်စပ် ဝင်/ထွက်ဂိတ် တိုးချဲ့ဖွင့်လှစ်ရေး အတွက် ပြည်နယ်အစိုးရအဖွဲ့ သဘောတူညီချက်၊ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ သဘောထား မှတ်ချက်များရယူပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကိုတင်ပြပြီး နိုင်ငံတော်အစိုးရမှ ဖွင့်လှစ်ရန် သဘောတူခွင့်ပြုပါက နှစ်နိုင်ငံအကြား သံတမန်နည်းလမ်းဖြင့် ညှိနှိုင်း၍ နှစ်နိုင်ငံသဘောတူ စာချုပ်ကို ပြင်ဆင်ဖြည့်စွက်ရမှာ ဖြစ်ပါတယ်။

ပူတာအိုခရိုင်၊ ခေါင်လန်ဖူးမြို့နယ်၊ ဇီးထန်ကျေးရွာအုပ်စု၊ ချီလာဝါဒီကျေးရွာ သို့မဟုတ် လော်ဝူးချီလာကျေးရွာတွင် (မြန်မာ-တရုတ် ကျောက်တိုင်အမှတ်-၃၁) တရားဝင် ဝင်/ထွက်ဂိတ် တည်ဆောက်ပေးရန်နှင့် စပ်လျဉ်းပြီးတော့ အဆိုပါကျေးရွာများဟာ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် သွားလာရန်ခက်ခဲပြီးတော့ ဖွံ့ဖြိုးမှုအားနည်းတဲ့အပြင် စီးပွားရေးအရ ကုန်စည်စီးဆင်းမှု အားနည်း သောကြောင့် နယ်စပ်ဝင်/ထွက်ဂိတ် တာဝန်ချထားမယ့် လုံခြုံရေးတပ်ဖွဲ့ဝင်အင်အားကို ပြည်ထဲရေး ဝန်ကြီးဌာနမှ ထုတ်နုတ်ပေးနိုင်ခြင်း မရှိသေးပါကြောင်း သိရှိရပါတယ်။

မြန်မာ - တရုတ် ကျောက်တိုင်အမှတ် - ၃၁ ဝင်/ထွက်ဂိတ်နေရာဟာ နှစ်နိုင်ငံအကြား နယ်နိမိတ် တိုင်းတာသတ်မှတ်ပြီးဖြစ်သော်လည်း နှစ်နိုင်ငံသဘောတူစာချုပ်တို့မှာ ခွင့်ပြုထားတဲ့ ဝင်/ထွက်ပေါက်(၈)ခုမှာ ပါဝင်ခြင်းမရှိသေးပါဘူး။ သို့ဖြစ်ပါ၍ ဝင်/ထွက် ဂိတ်ဒေသဟာ နယ်မြေ လုံခြုံရေးဆောင်ရွက်ပေးနိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ ကုန်သွယ်ရေး ဖွံ့ဖြိုး တိုးတက်လာခြင်းတို့ရှိမယ်ဆိုလျှင် နှစ်နိုင်ငံသဘောတူညီချက်ဖြင့် တရားဝင်ဖွင့်လှစ်သွားရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန်လမ်းကြောင်းဖြင့် တရုတ်နိုင်ငံဘက်သို့ ညှိနှိုင်းပြီး ဖွင့်လှစ်ခွင့်

ရရှိပါက နယ်စပ်ဖြတ်သန်းခွင့်စာအုပ် Border Pass(BP)ဖြင့် ဖြတ်သန်းနိုင်ရေး လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သုံးခွကျေးရွာအုပ်စုအနီးရှိ ဝက်ဝံတောင် သစ်တောကြိုးဝိုင်း၊ အကွက်အမှတ်(၅)အတွင်း မြေငှားတောင်သူများအား သစ်ပင်စိုက်ပျိုးရန် သက်ဆိုင်ရာမှ ခွင့်ပြုထားသော်လည်း စိုက်ပျိုးခြင်းမပြုဘဲ ကုမ္ပဏီများမှ အဖွဲ့အစည်းတချို့နှင့် ပူးပေါင်းပြီး ရွှေတူးဖော်နေသဖြင့် သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းနှင့် တောင်သူများ ထိခိုက်နစ်နာနေမှုအပေါ် မည်ကဲ့သို့ အရေးယူဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သုံးခွကျေးရွာအုပ်စုအနီးရှိ ဝက်ဝံတောင် သစ်တောကြိုးဝိုင်း၊ အကွက်အမှတ်(၅)အတွင်း မြေငှားတောင်သူများအား သစ်ပင်စိုက်ပျိုးရန် သက်ဆိုင်ရာမှ ခွင့်ပြုထားသော်လည်းပဲ စိုက်ပျိုးခြင်းမပြုဘဲ ကုမ္ပဏီများမှ အဖွဲ့အစည်းတချို့နှင့် ပူးပေါင်းပြီး ရွှေတူးဖော်နေတဲ့အတွက် သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းနှင့် တောင်သူများ ထိခိုက်နစ်နာနေမှုအပေါ် မည်ကဲ့သို့ အရေးယူဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုက်ထိုမြို့နယ်၊ သုံးခွကျေးရွာအုပ်စုအနီး ဝက်ဝံတောင် သစ်တောကြိုးဝိုင်း အကွက်အမှတ်(၅)မှာ သစ်ပင်စိုက်ပျိုးဖို့ သစ်တောဦးစီးဌာနမှ မြေငှားထားသော်လည်းပဲ သစ်ပင်စိုက်ပျိုးခြင်းမပြုဘဲ အဖွဲ့အစည်းအချို့နှင့်ပေါင်းပြီးတော့ ကုမ္ပဏီတွေက ရွှေတူးလုပ်ကွက်ရထားတဲ့အတွက် မြေကြီးများ ပျက်စီးခြင်း၊ ရေပြတ်လပ်ခြင်းများ ဖြစ်ပေါ်နေခဲ့လို့ ၂၀၁၄ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် တစ်ကြိမ် (၂)ကြိမ်တိုင်တိုင် (ရာဘာခြံပိုင်ရှင်)များက သစ်တောဌာနသို့ ကန့်ကွက်စာတင်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ရွှေတူးဖော်ခြင်းလုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ပါတယ်။ သို့သော်လည်းပဲ အဆိုပါသစ်တောကြိုးဝိုင်းမြေများ ငှားရမ်းခဲ့ရာမှာတော့ စည်းကမ်းချက် အမှတ်(၁၁)မှာ ခွင့်ပြုတဲ့ဧရိယာအတွင်း သတ္တု၊ ကျောက်မြေနှင့် သဲတူးခြင်းမပြုရ ဟူသော အချက်များပါဝင်ကြောင်း ဒေသခံဥယျာဉ်ခြံပိုင်ရှင်များက တင်ပြထားပါတယ်။ ဒါပေမဲ့ အဆိုပါ မြေကွက်မှာ ၂၀၁၉ ခုနှစ်မှစပြီးတော့ ရွှေတူးခွင့်ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ Slide 2 မှာ မြင်ရတာကတော့ အခင်းဖြစ်နေရာမှာ ယန္တရားကြီးများနဲ့ မြေတူးနေတဲ့ပုံဖြစ်ပါတယ်။ Slide 3 မှာ တူးပြီးမြေများကို မျောစင်များပေါ်သို့ တင်နေတဲ့ပုံဖြစ်ပါတယ်။ Slide 4 မှာကတော့ မျောစင် (၂)ခုနဲ့ လုပ်ငန်းခွင်ရှိ ရုံးအဆောက်အအုံ ဖြစ်ပါတယ်။ Slide 5 မှာ မျောစင်မှ ဆင်းလာတဲ့ ရေများနဲ့ တူးထားတဲ့ ချိုင့်ကြီးဖြစ်ပါတယ်။ Slide 6 မှာကတော့ စွန့်ပစ်ရေများ သုံးခွရွာအတွင်း စီးဆင်းနေပုံနဲ့ ဇီးပြောင်းရွာအထိ တူးထားတဲ့မြေဖြစ်ပါတယ်။ Slide 7 မှာကတော့ အခင်းဖြစ် ရွှေတူးနေတဲ့နေရာကို ဒရုန်းနဲ့ ကောင်းကင်ကရိုက်ထားလို့ မြင်ရတဲ့ပုံဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေတူးတဲ့အတွက် အကွက်အမှတ်(၅)မှာ မြေကေ(၁၀)ကေကျော်ခန့်အထိ ကျယ်ဝန်းပြီးတော့ ပေ(၅၀)ကျော်နက်တဲ့ ချိုင့်ကြီးများ ဖြစ်ပေါ်ခဲ့ရတဲ့အပြင် ရွှေလုပ်ငန်းမှ ရေဆိုးများ၊ စွန့်ပစ်မြေများကြောင့် မြေသားများပျက်စီးခြင်း၊ ယခင်က သဘာဝအလျောက်ဖြစ်ပေါ် စီးဆင်းနေတဲ့ ချောင်းမြောင်းငယ်များ ပိတ်ဆို့ပြီးတော့ ရေများပြတ်လပ်ခြင်းဖြစ်ပေါ်ခဲ့တယ်လို့ ဒေသခံတောင်သူများက တင်ပြခဲ့ကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေလုပ်ငန်းမှ ထွက်လာတဲ့ ရေဆိုးများ၊ ရေနောက်များဟာ အနီးပတ်ဝန်းကျင်မှာရှိတဲ့ သုံးခွရွာထဲကို စီးဝင်လာမှုကြောင့် သုံးခွရွာနေ ပြည်သူများကို ထိခိုက်စေရုံသာမက ချောင်းရိုးပတ်ဝန်းကျင်မှာ ယခင်နှစ်ပေါင်းများစွာကတည်းက စိုက်ပျိုးလုပ်ကိုင်ခဲ့ကြတဲ့ ဥယျာဉ်ခြံများ၊ ရာဘာခြံများဟာ မြေဆီလွှာများပျက်စီးမှုနဲ့ ရင်ဆိုင်နေရသလို ရေမရတဲ့အတွက် ရာဘာပင်များလည်း အစေးထွက်နှုန်း ကျဆင်းလာသဖြင့် ရာဘာခြံပိုင်ရှင်များဟာ အထူးထိခိုက်နစ်နာနေတယ်လို့ တင်ပြထားပါတယ်။

ဝက်ဝံတောင် သစ်တောကြိုးဝိုင်းအကွက်အမှတ်(၅) ပတ်ဝန်းကျင်မှ ယခင်နှစ်ပေါင်းများစွာကတည်းက ရင်းနှီးစိုက်ထုတ် စိုက်ပျိုးလုပ်ကိုင်နေတဲ့ တောင်သူများက အဆိုပါ ရွှေတူးဖော်ရေးလုပ်ငန်းကြောင့် ထိခိုက်နစ်နာမှုများ ခံစားနေရပါတယ်။ ဒီလို သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းနှင့် တောင်သူများ ထိခိုက်နစ်နာမှုအပေါ် မည်ကဲ့သို့ အရေးယူဆောင်ရွက်လျက်ရှိသည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မြန်မာနိုင်ငံရှိ တူးဖော်ပြီး၊ တူးဖော်ဆဲ သတ္တုတွင်းကြီးများဖြစ်ကြသော စပယ်တောင်၊ ကြေးစင်တောင်သတ္တုတွင်း၊ ကျောက်ပုထိုး ရွှေသတ္တုတွင်း၊ ဟိန္ဒားခဲမဖြူသတ္တုတွင်း၊ မောတောင် ဟင်းလင်းဖွင့်ကျောက်မီးသွေးသတ္တုတွင်း၊ ကလေးဝမြေအောက် ကျောက်မီးသွေးသတ္တုတွင်းများအား သတ္တုတွင်းပိတ်သိမ်းခြင်း အစီအမံ ဆောင်ရွက်ထားခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၈။**

**ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဝင် ဦးစောမိုးမြင့်(ခ)ဆင်မြူရယ် ဖြစ်ပါတယ်။ သတ္တုတူးဖော်ခြင်းနဲ့ ဆက်စပ်တဲ့ မေးခွန်းတစ်ခု မေးမြန်းမှာဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါရန် လေးစားစွာတောင်းခံအပ်ပါတယ်။

မေးလိုတဲ့ မေးခွန်းကတော့ မြန်မာနိုင်ငံရှိ တူးဖော်ပြီး စပယ်တောင်၊ ကြေးစင်တောင်သတ္တုတွင်းများ၊ တူးဖော်ဆဲ သတ္တုတွင်းများဖြစ်ကြသော ကျောက်ပုထိုး ရွှေသတ္တုတွင်း၊ ဟိန္ဒားခဲမဖြူသတ္တုတွင်း၊ မောတောင်ဟင်းလင်းဖွင့် ကျောက်မီးသွေးသတ္တုတွင်း၊ ကလေးဝမြေအောက် ကျောက်မီးသွေးသတ္တုတွင်းများအား သတ္တုတွင်းပိတ်သိမ်းခြင်း အစီအမံ ဆောင်ရွက်ထားခြင်း ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးမှာ သယံဇာတသတ္တုများဟာ မရှိမဖြစ်လိုအပ်လျက်ရှိတာကြောင့် သယံဇာတသတ္တုများကို မြေပေါ်မြေအောက် သတ္တုတူးဖော်သည့်နည်းများနဲ့ တူးဖော်ထုတ်လုပ်လျက်ရှိပါတယ်။ အဲဒီလို ထုတ်လုပ်တဲ့နေရာမှာ ရေ၊ မြေ၊ တော၊ တောင် ပျက်စီးမှုတွေဖြစ်ပေါ်လာတတ်လို့ ပျက်စီးမှုအနည်းဆုံးနည်းလမ်းများနဲ့ တူးဖော်ထုတ်လုပ်ပြီး

သတ္တုတူးဖော်ထုတ်လုပ်ပြီးရင် သတ္တုတွင်းဟောင်းများကို မူလအခြေအနေနှင့် အနီးစပ်ဆုံး ပြန်ရောက်အောင် သတ္တုပိတ်သိမ်းခြင်း အစီအမံနဲ့ သစ်တောတွေ၊ စိုက်ခင်းတွေ၊ အပန်းဖြေစခန်း တွေအဖြစ် ပြန်လည်ပြုပြင်ပေးရပါတယ်။ ဒါကို သတ္တုပိတ်သိမ်းခြင်းအစီအမံ Mine Closure Plan လို့ ခေါ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံ ၂၀၁၈ ခုနှစ်၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေ အခန်း(၃၀) အမိန့် ၁၈၅(ခ)အရ သတ္တုသိုက်ကုန်ဆုံးခြင်း သို့မဟုတ် ဆက်လက်လုပ်ကိုင်ခြင်းမရှိသော သတ္တုတွင်း လုပ်ကွက်များကို ပိတ်သိမ်းပြီး ပြန်လည်အပ်နှံရာတွင် သက်ဆိုင်ရာ ခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်း၏ သတ်မှတ်ချက်များနှင့်အညီ အကောင်းဆုံးအခြေအနေ ပြန်လည်ရရှိရန် မြေယာပြုပြင်ခြင်းနှင့် ထူထောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ပြုရပါမယ်။ အပိုဒ် ၁၈၅(ဂ)အရ သတ္တုလုပ်ကွက် ဧရိယာကို နောက်ဆုံးဆောင်ရွက်ခဲ့သည့် ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးဖြစ် ပါက သတ္တုတွင်းပိတ်သိမ်းပြီးနောက် တစ်ဆက်တည်းအနည်းဆုံး (၅)နှစ်မှ လိုအပ်သည့်ကာလအထိ စွန့်ပစ်မြေ၊ စွန့်ပစ်ရေအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ် ဆန်းစစ်ခြင်းများနဲ့ ကုစားဆောင်ရွက်ခြင်းတို့ကို ပြုရပါမယ်။

ဒါကြောင့်မို့လို့ မြန်မာနိုင်ငံရှိ တူးဖော်ပြီး၊ တူးဖော်ဆဲ သတ္တုတွင်းများဖြစ်ကြတဲ့ စပယ် တောင်၊ ကြေးစင်တောင်၊ ကျောက်ပုထိုးရွှေသတ္တုတွင်း၊ ဟိန္ဒားခဲမဖြူသတ္တုတွင်း၊ မောတောင် ဟင်းလင်းဖွင့် ကျောက်မီးသွေးသတ္တုတွင်း၊ ကလေးဝ မြေအောက်သတ္တုတွင်း အစရှိတဲ့ သတ္တုတွင်း များကို သတ္တုတွင်းပိတ်သိမ်းခြင်း အစီအမံဖြင့် ဆောင်ရွက်ထားခြင်း ရှိ/မရှိ စပ်လျဉ်းတဲ့မေးခွန်းကို ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၃၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၃၁။**

**ဒေါက်တာရဲမြင့်ဆွေ (ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မွန်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ) ဦးလှမြင့်သန်း မေးခွန်းနှင့်စပ်လျဉ်းပြီး မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်၍ ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာရဲမြင့်ဆွေ မှ ဖြေကြား သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဝက်ဝံတောင်သစ်တောကြိုးဝိုင်း၊ အကွက်အမှတ်(၅)ကို ၁၉၀၇ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းခဲ့ပါတယ်။ ဧရိယာအားဖြင့် (၄၄၉)ဧက ရှိပြီး Power point တွင် တင်ပြထားတဲ့အတိုင်း ပုဂ္ဂလိက ရာဘာစိုက်ခင်း(၃၉၁.၇၅)ဧက၊ ၂၀၁၀ ပြည့်နှစ်မှာ ကျူးကျော်ခဲ့တဲ့ နဝင်းတောင် ဘုန်းကြီးကျောင်းဧရိယာ (၅)ဧက၊ ဒေသခံ(၇)ဦးရဲ့ ဥယျာဉ်ခြံ (၂၀.၂၅)ဧကနှင့် ကျန်တဲ့ တောညံ့ဧရိယာ (၃၁)ဧကရှိပါတယ်။ အဆိုပါ ဝက်ဝံတောင်သစ်တောကြိုးဝိုင်း အကွက်အမှတ်(၅)အတွင်း သံဖြူဇရပ်မြို့နေ ဦးတင်အောင်မိုး အပါအဝင် (၁၅)ဦးမှ ၂၅-၆-၂၀၁၉ ရက်နေ့မှာ မြေငှားရမ်းတောင်သူတွေက သစ်ပင်များ မစိုက်ပျိုးဘဲ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရွှေသတ္တုတူးဖော်ခြင်းဆောင်ရွက်ရန် ပြင်ဆင်နေသည်ကို တားမြစ်ပေးဖို့တိုင်ကြားခဲ့ပါတယ်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့မှ ကျွန်တော်တို့ Power Point မှာ တင်ပြပါအတိုင်း ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စိစစ်ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပါတယ်။ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ ၉-၇-၂၀၁၉ ရက်နေ့မှာ ကွင်းဆင်းစစ်ဆေးခဲ့ရာ အဖွဲ့အစည်းတစ်ခုမှ လုပ်ဆောင်ခြင်းဖြစ်ပြီး အသေးစား ရွှေသတ္တုတူးဖော်ခြင်း ခွင့်ပြုချက်ရယူရန် လုပ်ကွက်ချထားရေး ကော်မတီသို့တင်ပြရန် ဆောင်ရွက်နေကြောင်း၊ အဆိုပါဧရိယာ၏ အရှေ့ဘက်၊ အနောက်ဘက်နှင့် မြောက်ဘက်တို့မှာ ရာဘာခြံများ၊ တောင်ဘက်တွင် သိမ်ဇရပ် - ဇီးပြောင်း ကျေးရွာချင်းဆက်လမ်း ရှိပြီး ဌာနမှခွင့်ပြုထားသော ပုဂ္ဂလိက ရာဘာစိုက်ခင်းများနဲ့ လွတ်ကင်းပြီး ၂၀၁၀ ပြည့်နှစ်မှာ ကျူးကျော်ခဲ့တဲ့ ဥယျာဉ်၊ သာသနာဧရိယာများနှင့်လည်း လွတ်ကင်းကြောင်း တွေ့ရှိရပါတယ်။ စိစစ်တွေ့ရှိချက်၊ အကြံပြုချက်များအား မွန်ပြည်နယ်အစိုးရအဖွဲ့သို့ ပြန်တင်ပြခဲ့ပါတယ်။

ဒါကတော့ Power Point မှာ တင်ပြထားတဲ့အတိုင်း ပုံတွေကတော့ ကျွန်တော်တို့ ကွင်းဆင်းစစ်ဆေးခဲ့တဲ့ ပုံတွေအနေအထားပဲဖြစ်ပါတယ်။ မွန်ပြည်နယ်အစိုးရမှ သက်ဆိုင်ရာအား ခွင့်ပြုမိန့်ရရှိမှသာ လုပ်ငန်းများဆောင်ရွက်ရန်နှင့် ခွင့်ပြုမိန့်ရရှိလျှင် လျှောက်ထားဆဲကာလအတွင်း လုပ်ငန်းများအားလုံး ရပ်ဆိုင်းထားရန် မှာကြားခဲ့ပြီး အဆိုပါ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အား ဒေသခံပြည်သူများ၊ တင်ပြတိုင်ကြားသူ ဦးတင်အောင်မိုး ပါ အဖွဲ့သို့ မွန်ပြည်နယ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးမှလည်း ၉ - ၇ - ၂၀၁၉ ရက်နေ့ ကွင်းဆင်းစစ်ဆေးတဲ့ နေရာမှာ ချပြရှင်းလင်းခဲ့ပါတယ်။

၂-၄-၂၀၂၀ ရက်နေ့မှာလည်း ကျွန်တော်တို့ သတ္တုတွင်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးလှမင်း ဦးဆောင်တဲ့ အဖွဲ့ဝင်(၇)ဦးပါဝင်တဲ့အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ရာ ကွင်းဆင်းစစ်ဆေးချိန်တွင် ရွှေသတ္တုတွင်းဖော်ခြင်းလုပ်ငန်း လုပ်ကိုင်နေခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သုံးခွ ကျေးရွာအုပ်စုအနီးရှိ ဝက်ဝံတောင်သစ်တောကြိုးဝိုင်း၊ အကွက်အမှတ်(၅)ရှိ ရာဘာစိုက်ခင်းဧရိယာ

အတွင်း ရွှေသတ္တုတူးဖော်ရန် ခွင့်ပြုထားခြင်းမရှိပါကြောင်းနှင့် ခွင့်ပြုချက်မရရှိဘဲ တရားမဝင် ရွှေသတ္တုတူးဖော်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမိုးမြင့် (ခ)ဆင်မြူရယ် မေးမြန်းတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီးတော့မှ ကျွန်တော် ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ သတ္တုတွင်းလုပ်ကွက်ပိတ်သိမ်းခြင်းအနေနဲ့ ကုမ္ပဏီကဆောင်ရွက်ရမယ့် တာဝန်များကို ကျွန်တော်တို့ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ်(၂)မှာ ဓာတ်သတ္တုထုတ်လုပ်တဲ့ လုပ်ငန်းပြီးဆုံးတဲ့အခါမှာ လုပ်ငန်းမြေဧရိယာကို သတ္တုတွင်းပိတ်သိမ်းမှု အစီအစဉ်ပါအတိုင်း မြေယာပြုပြင်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေထူထောင်၍ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထားပါတယ်။

မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၁၈၅ နဲ့ ၁၈၆ တို့မှာလည်း ဒီလုပ်ကွက်တွေ ပိတ်သိမ်းခြင်းအတွက် ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူကသာ ဆောင်ရွက်ရမယ့် တာဝန်များကိုလည်း ဖော်ပြထားရှိပါတယ်။ ထို့အပြင် ကျွန်တော်တို့ နှစ်ဖက်သဘောတူ စာချုပ် ချုပ်ဆိုတဲ့အခါမှာလည်း သတ္တုတွင်းလုပ်ကွက်ပိတ်သိမ်းခြင်းအတွက် သီးခြားအခန်းတစ်ခုအနေဖြင့် ထည့်သွင်းထားပြီး ချုပ်ဆိုဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာပါတဲ့ သတ္တုတွင်းတွေဟာ Power Point မှာ ဖော်ပြထားတဲ့အတိုင်း အမှတ်(၁)၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းတွေရဲ့ ကြီးကြပ်မှုနဲ့ ဓာတ်သတ္တုအကြီးစားထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ခဲ့ပြီးနှင့် ဆောင်ရွက်နေဆဲ သတ္တုတွင်းများဖြစ်ပါတယ်။ အဲဒီထဲမှာ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်၊ ယင်းမာပင်မြို့နယ်မှာရှိတဲ့ စပယ်တောင်၊ ကြေးစင်တောင်ဒေသ မြေဧရိယာ(၅၆၂၃.၉)ကေမှာ ကျွန်တော်တို့ ၃-၁-၂၀၁၁ ကနေပြီးတော့ ၂-၁-၂၀၃၆ ရက်နေ့အထိ (၂၅)နှစ်သက်တမ်းနဲ့ ကြေးနီသတ္တု အကြီးစားထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာယန်စီကုမ္ပဏီက ဆောင်ရွက်လျက်ရှိရာမှာ လက်ရှိအခြေအနေအားဖြင့် စပယ်တောင်(South) သတ္တုတွင်းကတော့ တူးဖော်ထုတ်လုပ်မှုပြီးစီး၍ သတ္တုတွင်း ပိတ်သိမ်းမှုစီမံချက်ကို ကျွန်တော်တို့ ဩစတြေးလျနိုင်ငံ (Knight Pie’ sold) ကုမ္ပဏီရဲ့ Guideline တွေနဲ့အညီ ရေးဆွဲခဲ့ပါတယ်။ လက်ရှိ ကြေးစင်တောင်သတ္တုတွင်းဟာ တူးဖော်နေဆဲဖြစ်ပြီး စပယ်တောင် (South) Open Pit Mine မှာ တူးဖော်ပြီးစီး၍ Mine Closure Plan အနေနဲ့ တွင်းပြန်ဖြည့်မှုလုပ်ငန်းများ

ပြီးစီးပြီဖြစ်၍ စပယ်တောင်တွင်းနှင့်အတူ အပေါ်ယံမြေသားများ ပြန်လည်ဖုံးအုပ်နိုင်ရေးစီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့ ဒီစပယ်တောင်တွင်းမှာလည်း တွင်းပြန်လည်ဖြည့်မှုလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်ပြီးတော့မှ စွန့်ပစ်မြေစာများကိုလည်း ကျွန်တော်တို့ ထုံးမှုန့်နဲ့ Neutralize ပြုလုပ်ပြီးတော့မှ တွင်းပြန်ဖြည့်သွင်းလျက်ရှိရာ ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းမှာတော့ ကံကုန်းကျေးရွာဘက်မှာရှိတဲ့ မြေအောက်ရေအောင်းလွှာ(Aquifer) တည်ရှိတဲ့ သတ်မှတ်တဲ့ Level အောက် (၁၀)မီတာ Level သို့ ရောက်ရှိမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကံကုန်းဘက်အခြမ်းတွင် နံရံကို ရေလုံရွှံ့စေး (Black Cotton Soil)နဲ့ ရေကာနံရံ တည်ဆောက်ပြီးတော့မှ ၎င်းနောက်မှာ တွင်းကို အက်စစ်မထွက်ကျောက် (Non Acid Forming Rock-NAF)များနဲ့ ဆက်လက်ဖြည့်သွင်းသွားမှာဖြစ်ပြီး ၎င်းနောက်မှာဆိုလို့ရှိရင် ကျွန်တော်တို့ စပယ်တောင် (South) သတ္တုတွင်းနဲ့ စပယ်တောင် သတ္တုတွင်းတို့ကို အပေါ်ယံမြေဖုံးလွှာ(Leach Cap)ဖုံးအုပ် ပိတ်သိမ်းသွားမှာဖြစ်ပါတယ်။ ပုံကတော့ လက်ရှိဆောင်ရွက်နေတဲ့ Mine Closure Plan မှာ စပယ်တောင်နှင့် စပယ်တောင်(South)ကို ထုံးမှုန့်နှင့် Neutralize ပြုလုပ်ပြီးတော့မှ ကျင်းကို ပြန်ပြီးတော့မှ Back fill ပြန်လုပ်နေတဲ့ အနေအထားပဲဖြစ်ပါတယ်။ မိုင်းပိတ်သိမ်းမှု အစီအစဉ်ကတော့ အဓိကအားဖြင့် (၅)နှစ်ကနေ (၇)နှစ်အထိကြာမြင့်မှာဖြစ်ပြီး Regulation လုပ်ထုံးတွေအရ ကုမ္ပဏီတွေက ဌာနသို့ (၄)လ တစ်ကြိမ် အစီရင်ခံစာတင်ပြခြင်းကို သက်ဆိုင်ရာဌာနတွေက စစ်ဆေးခြင်းနှင့် Knight Pie'sold ကုမ္ပဏီရဲ့ မိုင်းပိတ်သိမ်းမှုအစီအစဉ်နဲ့ ESIA အစီရင်ခံစာမှာပါတဲ့အတိုင်း Mine Closure Plan ကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ မောတောင်ဒေသမှာရှိတဲ့ မြေဧရိယာ (၅၁၈.၇)ကေမှာ ၂၇-၅-၂၀၁၅ ရက်နေ့မှ ၂၆-၅-၂၀၄၀ ရက်နေ့အထိ (၂၅)နှစ်သက်တမ်းနဲ့ ကျောက်မီးသွေး အကြီးစားထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ကနေ ဆောင်ရွက်လျက်ရှိပါတယ်။ EMP အစီရင်ခံစာ ရေးဆွဲတင်ပြမှုအပေါ်မှာလည်း Environmental Guide Line များနှင့်အညီ ပြန်လည်ရေးဆွဲတင်ပြရန် ညွှန်ကြားထားပြီးတော့ လက်ရှိတူးဖော်နေဆဲသတ္တုတွင်းဖြစ်လို့ သတ္တုတွင်းပိတ်သိမ်းမှုနှင့် ပြန်လည်ထူထောင်မှု ရန်ပုံငွေထားရှိရန် ကျွန်တော်တို့ စီမံဆောင်ရွက်ဆဲဖြစ်ပါတယ်။ ဒါကတော့ မောတောင်သတ္တုကျောက်မီးသွေးတွင်းရဲ့ ဆောင်ရွက်နေမှု အနေအထားပုံစံများပဲဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ ကျောက်ပုထိုးဒေသရှိ မြေဧရိယာ(၁၄၉၂.၃၉) မှာလည်း ၁-၈-၂၀၀၇ ရက်နေ့မှ ၃၁-၇-၂၀၃၂ ရက်နေ့အထိ (၂၅)နှစ်သက်တမ်းနှင့် ရွှေ၊ သတ္တု

အကြီးစားထုတ်လုပ်ခြင်းလုပ်ငန်းကို ထာဝရကုမ္ပဏီက ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ မိုင်းပိတ်သိမ်းမှု လုပ်ငန်းဆောင်ရွက်ရန်အတွက်လည်း ရန်ပုံငွေကျပ်သိန်း(၁၂၀၀)လျာထားပြီး အကောင်အထည်ဖော် ဆောင်ရွက်ရန် အဖွဲ့ဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်ပြီး မိုင်းပိတ်သိမ်းမှု အစီအမံအကြိုကာလ (Pre Mine Closure)အတွက်လည်း လုပ်ငန်းများ ကြိုတင်ဆောင်ရွက်ထားရှိမှုတွေရှိပါတယ်။ နောက်တစ်ခုက တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ဟိန္ဒားသတ္တုတွင်း၊ မြေဧရိယာ (၂၁၀၅.၆၀)ဧကမှာ ၁-၇-၁၉၉၉ ရက်နေ့မှ ၃၀-၆-၂၀၁၉ ရက်နေ့အထိ နှစ်(၂၀)သက်တမ်းနဲ့ ခဲမဖြူ၊ အဖြိုက်နက် ရောရာ သတ္တုအကြီးစားထုတ်လုပ်ခြင်းကို မြန်မာပွန်ပီပက်ကုမ္ပဏီက ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိ အခြေအနေမှာတော့ သက်တမ်းတိုး(၅)နှစ် ခွင့်ပြုမိန့်ရရှိရေးကို ဆောင်ရွက်လျက်ရှိရာမှာ တနင်္သာရီ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ သဘောထားမှတ်ချက်ကို တောင်းခံထားဆဲဖြစ်သော်လည်း ဟိန္ဒား သတ္တုတွင်းရဲ့ သတ္တုတွင်းပိတ်သိမ်းမှုနှင့် ပတ်သက်ပြီးတော့ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းအား မြန်မာပွန်ပီပက်ကုမ္ပဏီလီမိတက်သို့ မိုင်းပိတ်သိမ်းခြင်း အစီရင်ခံစာရေးဆွဲတင်ပြရန် ကျွန်တော်တို့ ညွှန်ကြားထားပြီးလည်းဖြစ်ပါတယ်။

မြေပေါ်ဟင်းလင်းဖွင့်(Open Pit Mine) တွေ ပိတ်သိမ်းခြင်းဆောင်ရွက်တဲ့နေရာမှာ သတ္တု တူးဖော်ခြင်းမှ ထွက်ရှိလာတဲ့ အပေါ်ယံမြေဆီလွှာများ၊ စွန့်ပစ်ကျောက်တွေကို သီးခြားစီ စနစ်တကျ ပုံထားခြင်း၊ ရေစစ်ကန်များ တည်ဆောက်ခြင်း၊ ပျိုးခြံများတည်ထောင်ပြီး ဒေသနဲ့ကိုက်ညီတဲ့ အပင်များ၊ ပျိုးပင်များကို ကြိုတင်ပျိုးထောင်ထားရှိခြင်း၊ သတ္တုတွင်းပိတ်သိမ်းချိန်မှာ တူးဖော်ခဲ့တဲ့ ကျင်းများ၊ ချိုင့်များကို စွန့်ပစ်မြေစာများပြန်ဖို့ပေးပြီး မြေညှိခြင်း၊ မြေဆီလွှာဖုံးအုပ်ခြင်း၊ ဒေသ နှင့်ကိုက်ညီသော သစ်ပင်များ စိုက်ပျိုးပေးခြင်း၊ ရှင်သန်ကြီးထွားအောင် စောင့်ကြည့်ထိန်းသိမ်းခြင်း တို့အတွက် အစီအမံများ ထားရှိပြီးဆောင်ရွက်ရမှာဖြစ်ပါတယ်။ (Underground) မြေအောက် သတ္တုတွင်းမိုင်းတွေအတွက် ပိတ်သိမ်းတဲ့နေရာမှာတော့ သတ္တုတူးဖော်ချိန်ထွက်ရှိလာတဲ့ စွန့်ပစ် ကျောက်တွေကို စနစ်တကျ စုပုံထားပြီး သတ္တုတွင်းပိတ်သိမ်းချိန်မှာ တူးဖော်ခဲ့တဲ့ လှိုဏ်များ အတွင်းသို့ ပြန်လည်မြေဖို့ခြင်း၊ မြေပြိုခြင်း၊ မြေကျွံခြင်းများမရှိစေရေး စီမံဆောင်ရွက်ခြင်းနှင့် လိုအပ်တဲ့ ကာလအထိ စောင့်ကြည့်စစ်ဆေးခြင်း စတဲ့ အစီအမံတွေ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သတ္တုတွင်း ပိတ်သိမ်းမှုနှင့် ပြန်လည်ထူထောင်မှု ရန်ပုံငွေထားရှိရန်အတွက်လည်း ဝန်ကြီးဌာနကနေပြီးတော့ ၅-၇-၂၀၁၉ ရက်စွဲပါစာနှင့် သက်ဆိုင်ရာဦးစီးဌာန၊ လုပ်ငန်းများသို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ မေးခွန်းပါ သတ္တုတွင်းများအနက် လက်ရှိအနေနဲ့ကတော့ မိုင်းပိတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေတဲ့ စပယ်တောင်သတ္တုတွင်း တစ်ခုသာရှိပြီး မိုင်းပိတ်သိမ်းမှု အစီအစဉ်ကိုလည်း စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကျန်သတ္တုတွင်းစီမံကိန်းများမှာ လုပ်ငန်းဆောင်ရွက်ဆဲဖြစ်ပြီး သတ္တုတွင်းပိတ်သိမ်းခြင်း အစီအမံများ

အတိုင်း ပိတ်သိမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးကတစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ခုတင်(၁၀၀)ဆံ့ ခရိုင်ဆေးရုံကြီးအတွက် (၉၀ x ၃၄ x ၂၄)ပေ RC (၂)ထပ်ဆောင်အသစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၄။**

**ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင် အနေနဲ့ ဒီတစ်ခေါက် မေးမယ့် မေးခွန်းကတော့ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ခုတင်(၁၀၀)ဆံ့ ခရိုင်ဆေးရုံကြီးမှာ ပြင်ပလူနာဌာန၊ ခွဲစိတ်မှန်ခန်း၊ ခွဲစိတ်ခွဲခန်း၊ အစည်းအဝေးခန်းမတို့ကို သီးခြားထားရှိနိုင်ရန် လိုအပ်ချက်ရှိနေတဲ့အတွက်ကြောင့် (၉၀ x ၃၄ x ၂၄)ပေ RC (၂)ထပ်ဆောင်အသစ်ဆောက်လုပ် ဆောင်ရွက်ပေးနိုင်ရန်နှင့် ပတ်သက်ပြီး မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့ပေါ်မှာရှိတဲ့ ခုတင်(၁၀၀)ဆံ့ ခရိုင်ဆေးရုံကြီးကို နိုင်ငံတော်အနေဖြင့် ခုတင်(၂၀၀)ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း မရှိသေးသော်လည်း ခုတင်(၂၀၀)ဆံ့ဆေးရုံကြီး ထပ်မံတိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် မြေစာရင်း ပုံစံ ၁၀၅၊ ၁၀၆၊ ၁၀၈ ဖြစ်သော မြေကွက်(၂၀) သီးသန့်ထားရှိပြီးဖြစ်ကြောင်းလည်း သိရှိရပါတယ်။ မိုးညှင်းခရိုင်ဟာဆိုရင် ကချင်ပြည်နယ်မှာ လူဦးရေအထူထပ်ဆုံး နေထိုင်သောဒေသဖြစ်ခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းမှာရှိတဲ့ မြို့နယ်တချို့တို့နှင့် ထိစပ်လျက်ရှိခြင်းတို့အပြင် မန္တလေး – မြစ်ကြီးနား မီးရထားလမ်းမကြီး၊ ရွှေဘို – မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီးကို

ဖြတ်သွားတဲ့ လမ်းမကြီးပေါ်မှာ တည်ရှိနေတဲ့အတွက်ကြောင့်မို့လို့ မိုးညှင်းခရိုင် ဆေးရုံကြီးဟာ နေ့စဉ်နှင့်အမျှ လူနာဦးရေများပြားလျက်ရှိကြောင်း သိရှိရပါတယ်။ မိုးညှင်းခရိုင် ပြည်သူ့ဆေးရုံကြီး ဟာ ခရိုင်မြို့နှင့်အညီ စံကိုက်ဆေးရုံကြီးအဆင့် မရှိသေးတဲ့အတွက်ကြောင့်မို့လို့ အရေးပေါ်ဌာနဟာ ဆိုရင် သားဖွားမီးယပ်အထူးကုဆောင်၊ သွားဆေးခန်းတို့နှင့် တွဲလျက်ရှိပြီးမှ ဆေးရုံအပေါ်ထပ်မှာရှိတဲ့ ကလေးအထူးကုဆောင်သို့ တက်တဲ့လှေကားနဲ့ တွဲလျက်ရှိနေတဲ့အတွက်ကြောင့် လူနာစောင့်များ၊ ဖြတ်သွားဖြတ်လာများနှင့် ရှုပ်ထွေးလျက်ရှိကြောင်းသိရှိရပါတယ်။

နောက်ပြီးတော့ ဓာတ်မှန်ခန်းဟာဆိုရင်လည်း အရေးပေါ်ဌာနနှင့်တစ်ဆက်တည်းမရှိဘဲနဲ့ သီးခြားဆောင်အဖြစ် ရှိနေပြီးတော့ လက်ရှိအခြေအနေအရ ကလေးအထူးကုဆောင်ရဲ့ အနောက် ဘက်မှာ သီးသန့်ကပ်လျက်ရှိနေတဲ့အတွက်ကြောင့်မို့လို့ ဆေးရုံမိလ္လာကန်နှင့် ထိစပ်လျက်ရှိကာ အနံ့အသက်များ ဓာတ်မှန်ခန်းထဲသို့ ဝင်ရောက်လျက်ရှိနေကြောင်းလည်း သိရှိရပါတယ်။ ဓာတ်မှန် ခန်းဟာ ယခင်မြို့နယ်ဆေးရုံအဆင့် တည်ဆောက်ကတည်းက ပါရှိတဲ့အတွက်ကြောင့်မို့လို့ ပြင်ပမှ ကြည့်လို့ရှိရင် ဆေးရုံဓာတ်မှန်ခန်းဟာဆိုရင် မြေအောက်တွင် (၂)ပေခန့် နစ်မြုပ်နေတဲ့အတွက်ကြောင့် မိုးရာသီမှာ ရေများဝင်ရောက်လျက်ရှိကြောင်းကိုလည်း သိရှိရပါတယ်။ နောက်ပြီးတော့ ဓာတ်မှန် ရိုက်တဲ့ခုတင်ဟာဆိုရင်လည်း နေရာအခက်အခဲကြောင့်မို့လို့ အသုံးပြုနိုင်ခြင်းမရှိဘဲနဲ့ အခြားသော ဓာတ်မှန်ခန်းသုံးပစ္စည်းများ တင်ထားသော စားပွဲအဆင့်သို့ ရောက်ရှိနေကြောင်း သိရှိရပါတယ်။ ဓာတ်ခွဲခန်းဟာဆိုရင်လည်း တိုးချဲ့ဆောင်အသစ်မှာ နေရာပေးထားပေမယ့်လည်း နေရာလုံလောက်မှု မရှိတဲ့အတွက်ကြောင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ချပေးတဲ့ ဓာတ်ခွဲခန်းသုံးပစ္စည်းများ ထားရှိရန် အခက်အခဲရှိနေပြီး သွေးထုတ်ယူတဲ့အခါ သွေးအလှူရှင်တစ်ဦးထက် ပိုထုတ်မယ်ဆိုရင် ဓာတ်ခွဲခန်းနေရာမှာ နေရာမရှိတဲ့အတွက်ကြောင့်မို့လို့ စင်္ကြံနေရာမှာ ခုတင်တပ်ဆင်ပြီးတော့မှ အသုံးပြုနေရပါတယ်။

နောက် မိုးညှင်းခရိုင်ဆေးရုံကြီးနဲ့ လက်ရှိအစည်းအဝေးခန်းမဟာဆိုရင် အရေးပေါ်ဌာနရဲ့ အပေါ်ထပ် ကလေးအထူးကုဆောင်အခန်းများနှင့်ကပ်လျက်အခန်းကို ခွဲပြီးတော့မှ အစည်းအဝေး ခန်းမအဖြစ် အသုံးပြုနေတဲ့အတွက်ကြောင့်မို့လို့ အစည်းအဝေးခန်းမသီးခြားထားရှိရန် လိုအပ်ကြောင်း သိရှိရပါတယ်။ အထက်ဖော်ပြပါ ကျွန်တော် တောင်းဆိုခဲ့တဲ့ RC နှစ်ထပ်ဆောင်အသစ် ဆောက်လုပ် ပေးမည်ဆိုပါက အောက်ထပ်မှာ အရေးပေါ်ဌာနနှင့် ဓာတ်မှန်ခန်းကိုထားရှိပြီး အပေါ်ထပ်မှာဆိုရင် အစည်းအဝေးခန်းမနှင့် ဓာတ်ခွဲခန်းတို့ ထားရှိမှာဖြစ်ကြောင်းကို ခရိုင်ဆရာဝန်ကြီး၏ ပြောကြားချက် အရ သိရှိရပါတယ်။ သို့ဖြစ်ပါ၍ မိုးညှင်းခရိုင်၊ ခုတင်(၁၀၀)ဆံ့ ခရိုင်ဆေးရုံကြီးအတွက် လိုအပ်ချက် အရ (၉၀ x ၃၄ x ၂၄)ပေ RC (၂)ထပ်ဆောင်အသစ် ဆောက်လုပ်ပေးနိုင်ရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် စိတ်ကျန်းမာရေးဆိုင်ရာ ရောဂါဝေဒနာရှင်များကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်ကုသမှုပေးနိုင်ရန် အမျိုးသားအဆင့် စိတ်ကျန်းမာရေး မူဝါဒအား မည်သို့ချမှတ်ဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၈။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသော မေးခွန်းမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် စိတ်ကျန်းမာရေးဆိုင်ရာ ရောဂါဝေဒနာရှင်များကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်ကုသမှုပေးနိုင်ရန် အမျိုးသားအဆင့် စိတ်ကျန်းမာရေးမူဝါဒအား မည်သို့ချမှတ်ဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိတ်ရောဂါဆိုသည်မှာ လူတစ်ယောက်တွင် အကြောင်းတစ်ခုခုကြောင့် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှု၊ ထိခိုက်မှု၊ အားနည်းမှု၊ ယိုယွင်းမှုတို့ကြောင့် ဖြစ်ပေါ်လာသည့် စိတ်ပိုင်းဆိုင်ရာ ရောဂါတစ်ခုခုကို ဆိုလိုပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံတွင် အဖြစ်များဆုံးသော စိတ်ရောဂါများမှာ စိုးရိမ်လွန်ရောဂါ (Anxiety)၊ စိတ်ကျရောဂါ(Depression)၊ စိတ်ဖောက်ပြန်ရောဂါ(Psychosis)၊ စံချိန်မမီသော အရက်များ အလွန်အကျွံသောက်သုံးမှုကြောင့်ဖြစ်သော အရက်စွဲရောဂါနှင့် အရက်ကြောင့်ဖြစ်သော စိတ်ရောဂါများ (Alcoholic Psychosis)၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးစွဲခြင်းနှင့် ယင်းဆေးများကြောင့်ဖြစ်သော စိတ်ရောဂါများ(Drug Dependent Psychosis)နှင့် အတက်ရောဂါ (epilepsy)တို့ဖြစ်ကြပါတယ်။ စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် လူ(၁၀၀၀)ဦးလျှင် (၇၇)ဦးမှာ စိတ်ရောဂါတစ်မျိုးမျိုးကို ခံစားနေရကြောင်းသိရှိရပါတယ်။ အစိုးရိမ်လွန်ရောဂါမှာ လူ(၁၀၀၀)ဦးလျှင် (၃၈)ဦး၊ စိတ်ကျရောဂါမှာ လူ(၁၀၀၀)ဦးလျှင် (၅)ဦး၊ စိတ်ဖောက်ပြန်ရောဂါမှာ လူ(၁၀၀၀)ဦးလျှင် (၆)ဦး၊ အရက်ကြောင့်ဖြစ်သော စိတ်ရောဂါမှာ လူ(၁၀၀၀)ဦးလျှင် (၂၃)ဦးနှင့် အတက်ရောဂါမှာ လူ(၁၀၀၀)ဦးလျှင် (၂)ဦးခန့်ရှိကြောင်း စာရင်းဇယားများအရ သိရှိရပါတယ်။ ၂၀၁၆ ခုနှစ် WHO ၏

စာရင်းဇယားများအရ လူ(၁)သိန်းလျှင် (၈)ဦးမှာ မိမိကိုယ်ကို သေကြောင်းကြံ၍ သေဆုံးရကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိတ်ရောဂါအထူးကု ဆရာဝန်ဆိုသည်မှာ အခြားသောသမားတော်များကဲ့သို့ ဆေးများတိုက်၍ ကုသနိုင်သောရောဂါ မဟုတ်တဲ့အတွက် လူနာ၏ စိတ်အခြေအနေကို အချိန်ပေး၍ နှစ်သိမ့်ပညာပေး ဆွေးနွေးရသောကုထုံး ဖြစ်ပါတယ်။ ဖော်ပြပါပုံမှာ ကျွန်တော့်မဲဆန္ဒနယ်မှ စိတ်ရောဂါရှင်တစ်ဦး၏ ဆေးကုသမှုမှတ်တမ်းစာအုပ်ဖြစ်ပါတယ်။ လာရောက်ပြသသည့် လူနာအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတိုင်ပင်ခြင်းမရှိဘဲ အိပ်ဆေး၊ ထိုးဆေး၊ သောက်ဆေးများကို (၁)လစာပေး၍ ကုသနေသော ဆေးမှတ်တမ်းဖြစ်ပါတယ်။ ဘယ်ဘက်အပေါ်ရှိ အနီဝိုင်းပြထားသည့်အပေါ်မှာ ထိုးဆေးထိုးထားပါတယ်။ အလယ်အနီဝိုင်းမှာ အိပ်ဆေး(၆)မျိုးခန့်ကို တစ်ပြိုင်တည်းပေးထားပါတယ်။ လူနာ၏ အခြေအနေကို မစစ်ဆေးဘဲ (၁)လစာပေးထားတဲ့မှတ်တမ်းဖြစ်ပါတယ်။ မြန်မာပြည်တွင် စိတ်ရောဂါကုထုံးများသည် **Drug Treatment** များကိုသာ ကာလရှည်စွာပေးထားသော နည်းလမ်းများဖြင့်သော်လည်းကောင်း၊ ရောဂါဆိုးလာလျှင် တုပ်နှောင်ခြင်းနည်းကိုသုံး၍ ကုသနေသော နည်းလမ်းများဖြင့်သော်လည်းကောင်း ကုသနေကြသဖြင့် ကောင်းမွန်သော ကုထုံး မရရှိသည်ကို တွေ့ရှိရပါတယ်။ **Community Level** တွင် စိတ်ပိုင်းဆိုင်ရာ ဆေးကုသမှုမခံယူပါက (၁၀)နှစ်၊ (၂၀)နှစ်၊ တချို့က တစ်သက်လုံး စသည်ဖြင့် ဆေးများကို သောက်သုံးနေရပါတယ်။ အချိန်ကာလကြာသောအခါ စိတ်ရောဂါဝေဒနာရှင်များကို မိမိတို့၏ ဆွေမျိုးသားချင်းများတွင် လူရာမဝင်၊ လူပိုများဟု သတ်မှတ်လာကြပါတယ်။ ယခု ခေတ်စားလာတာကတော့ စိတ်ရောဂါ ဆေးမှတ်တမ်းစာအုပ်ကို မှားမှားယွင်းယွင်းအသုံးပြုကာ ဥပဒေကို မျက်ကွယ်ပြုလာခြင်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ (Art Therapy) စိတ်ကျန်းမာရေးကုထုံးဖြင့် ဆေးကုသပေးနေပုံဖြစ်ပါတယ်။ မိမိစိတ်တွင် ဖြစ်ပေါ်နေသော ခံစားချက်၊ တွေးမိသော အကြောင်းအရာများနှင့်ပြောချင်နေသောစကားများအား ဆေးများဖြင့်ခြယ်သည့် ကုသသည့်ကုထုံးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် စိတ်ကျန်းမာရေးအတွက် လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်တွေဖြစ်ပါတယ်။ စိတ်ရောဂါအထူးကု ဆရာဝန်အချိုးအစားမှာ လူ(၁)သိန်းလျှင် (၂)ဦးသာရှိပါတယ်။ နိုင်ငံတကာမှာ ကလေးစိတ်ရောဂါဆရာဝန်ရှိပေမယ့် မြန်မာနိုင်ငံမှာ ကလေးအထူးကုစိတ်ရောဂါဆရာဝန် မရှိကြောင်းလည်း တွေ့ရှိရပါတယ်။ စိတ်ရောဂါ ကျွမ်းကျင်သူနာပြုမှာ လူနာ(၁)သိန်းလျှင် (၀.၃၂)သာရှိပါတယ်။ (Psychologist) အကူစိတ်ပညာရှင်များမရှိပါ။ ဆေးလူမှုဆက်ဆံရေးမှာလည်း လူဦးရေ(၁)သိန်းလျှင် (၀.၀၁)သာရှိတဲ့အတွက်ကြောင့် လူ့စွမ်းအားအရင်းအမြစ်တွေ အများကြီးလိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှာ လူတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသော လူမှုနယ်ပယ်များတွင် စိတ်ဖိစီးမှုများ ပိုမို

များပြားလာသည့်အတွက် စိတ်ရောဂါအပါအဝင် ကျန်းမာရေးကိစ္စများကို နိုင်နိုင်နင်းနင်း ဆောင်ရွက်သင့်ပါတယ်။ သို့ဖြစ်ပါ၍ ဒီမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ တံတားကျေးရွာအုပ်စု၊ တံတားအနောက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၃။**

**ဒေါက်တာဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးကြွယ်ကြွယ် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ တံတားကျေးရွာအုပ်စု၊ တံတားအနောက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သာမြို့နယ်၊ တံတားကျေးရွာအုပ်စု၊ တံတားအနောက်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာပေါင်း (၂၀)ကျော်ရှိပါတယ်။ ဒီကျေးရွာများဟာ တောင်သာမြို့နှင့် မိုင်(၃၀)နီးပါးဝေးပြီး အနီးဆုံးတိုက်နယ်ဆေးရုံဖြစ်တဲ့ ဝဲလောင်တိုက်နယ်ဆေးရုံနဲ့ (၁၅)မိုင်လောက်ဝေးပါတယ်။ ၁၉၇၉ ခုနှစ်တုန်းက အဲဒီကျေးရွာနှင့် အဲဒီကျေးရွာပတ်ဝန်းကျင်မှာ ကာလဝမ်းရောဂါဖြစ်ခဲ့ပြီးတော့ လူပေါင်း (၃၀)ဦးလောက် အသက်ဆုံးရှုံးခဲ့ကြပါတယ်။ အဲဒီ လူပေါင်း (၃၀)ဦးဟာ တကယ်လို့ တောင်သာဆေးရုံနှင့် ဝဲလောင်ဆေးရုံကို သူတို့ဟာ အချိန်မီမရောက်လို့ သူတို့ အသက်ဆုံးရှုံးခဲ့ကြတာဖြစ်ပါတယ်။ တကယ်လို့သာ နီးနီးနားနား အချိန်မီရောက်ခဲ့မယ်ဆိုရင် သူတို့ အသက်ဆုံးရှုံးမှာ မဟုတ်ပါဘူး။

ဒီအကြောင်းအရာကို တံတားကျေးရွာအုပ်စုက ရွာသူ၊ ရွာသားများက အခု အချိန်အထိ မမေ့ကြသေးပါဘူး။ လက်ရှိ ကျေးလက်ကျန်းမာရေးဌာနရဲ့ မြေအကျယ်အဝန်းကလည်း (၂)ဧကကျော်ရှိလို့ တိုက်နယ်ဆေးရုံဆောက်မယ်ဆိုရင်လည်း ဒါ လုံလောက်တဲ့မြေ အကျယ်အဝန်းရှိပါတယ်။

တကယ်လို့ လိုအပ်မယ်ဆိုရင်လည်း ကျေးရွာသူ၊ ကျေးရွာသားများက မြေထပ်မံပြီးတော့ လှူဒါန်းကြမှာဖြစ်တယ်လို့ ကျွန်တော့်ကို ပြောကြပါတယ်။ တံတားကျေးရွာအုပ်စုနှင့် အနီးကျေးရွာများရှိ ပြည်သူတွေရဲ့ လူမှုစီးပွားတိုးတက်လာဖို့ဆိုရင် ကျန်းမာရေးစောင့်ရှောက်မှုက အလွန်အရေးကြီးပါတယ်။ အဲဒီလိုတိုက်နယ်ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းအားဖြင့်လည်း ဆရာဝန်နှင့်လူနာဦးရေ အချိုးအစားလည်းမြင့်တက်လာမှာဖြစ်တဲ့အတွက် တစ်နိုင်ငံလုံးရဲ့ ကျန်းမာရေးအဆင့်အတန်းလည်း မြင့်မားလာမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီမေးခွန်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တောင်သာမြို့နယ် ပြည်သူများကိုယ်စား မေးမြန်းရတာဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၅၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၅၅။**

**ဒေါက်တာမြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ဖြစ်ပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ၁၉၉၁-၁၉၉၃ ခုနှစ်တွင် ဆေးရုံပင်မ (၂)ထပ်ဆောင်ကို တည်ဆောက်ခဲ့ပြီး အောက်ထပ်တွင် အရေးပေါ်ဌာန၊ ပြင်ပလူနာကုသခန်း၊ သွားကုသခန်း၊ မီးယပ်သားဖွားလူနာဆောင်နှင့် သားဖွားခန်းတို့ဖြင့်လည်းကောင်း၊ အပေါ်ထပ်တွင် အစည်းအဝေးခန်း၊ ကလေးလူနာဆောင်၊ ပင်မခွဲစိတ်ခန်း (၂)ခန်းတို့ဖြင့်လည်းကောင်း ကုသရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် တိုးချဲ့နှစ်ထပ်လူနာဆောင်(၁)လုံးကို တည်ဆောက်ခဲ့ပြီး အောက်ထပ်တွင် ဖျားနာလူနာဆောင်နှင့် ART(Clinic) တို့ဖြင့်လည်းကောင်း၊ အပေါ်ထပ်တွင် ခွဲစိတ်လူနာဆောင်ထားရှိ၍လည်းကောင်း၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် တိုးချဲ့နှစ်ထပ် အရိုးလူနာဆောင် (၁)လုံးကို တည်ဆောက်ခဲ့ပြီး အောက်ထပ်တွင် ခတ်ခွဲခန်း(၂)ခန်း၊ သွေးလှူဘဏ်(၂)ခန်း၊ အရိုး၊ အကြောကုသခန်းနှင့် ဆေးသိုလှောင်ခန်းတို့ဖြင့်လည်းကောင်း၊ အပေါ်ထပ်တွင် အရိုးလူနာဆောင်ထားရှိ၍လည်းကောင်း ကုသရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်

ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် အချုပ်သား လူနာဆောင်(၁)လုံးကို တည်ဆောက်ပေးခဲ့ပြီး ကုသရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ခုတင်(၁၀၀)ဆံ့ မိုးညှင်းပြည်သူ့ဆေးရုံရှိ ဆေးရုံပင်မ(၂)ထပ်ဆောင် တိုးချဲ့နှစ်ထပ် လူနာဆောင်၊ တိုးချဲ့နှစ်ထပ် အရိုးလူနာဆောင်၊ အချုပ်သားလူနာဆောင် စုစုပေါင်း ခုတင် (၁၅၀)ခန့် ထားရှိပြီး ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း တင်ပြထားပါတယ်။ အသုံးချခုတင် ဆေးရုံတက်နှုန်းအား (၅)နှစ်အတွင်းစိစစ်ရာ ပထမ(၃)နှစ်တွင် (၉၇)ရာခိုင်နှုန်းရှိပြီး ၂၀၁၈ ခုနှစ်တွင် (၆၃)ရာခိုင်နှုန်းနှင့် ၂၀၁၉ ခုနှစ်တွင် (၇၄)ရာခိုင်နှုန်းရှိကြောင်း ခုတင်အသုံးချမှု လုံလောက်ပါကြောင်း တင်ပြထားတာ တွေ့ရှိရပါတယ်။ ဓာတ်မှန်ဆောင်အတွင်း အခန်း(၂)ခန်းအား (၉)လက်မ အုတ်ရိုး၊ ခဲတံခါးတို့ဖြင့် တည်ဆောက်ထားပြီး ဓာတ်မှန်စက်(၂)လုံးဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း တင်ပြလာပါတယ်။ ယခုအခါ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ် ရန်ပုံငွေကျပ် (၇၅.၆၂၈)သန်းဖြင့် (၃၀x၂၀)ပေ ရင်ခွဲရုံဆောက်လုပ်ခြင်း၊ (Y)ပုံသဏ္ဍာန်အရှည် (၁၀၀၅)ပေ ကွန်ကရစ် လမ်းခင်းခြင်းနှင့် ဆေးရုံပင်မဆောင်နှင့် ဓာတ်မှန်ဆောင်အား ချိတ်ဆက်သည့် လူနာတွန်းလှည်း အတက်အဆင်း လျှောက်လမ်းတို့အား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဆိုပါလုပ်ငန်းများ တည်ဆောက်ရေးကာလတွင် ရေစီးရေလာပိတ်ဆို့မှုကြောင့် မိုးရေများ ဝင်ရောက်မှုရှိနေသော်လည်း ဓာတ်မှန်ဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်ဆောင်ရွက်ပေးနိုင်ကြောင်း တင်ပြထားပါတယ်။

မိုးညှင်းပြည်သူ့ဆေးရုံ၌ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းတန်ဖိုးငွေကျပ် (၇၉၀.၀၀)သန်းဖြင့် (၈)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ (၁)လုံး၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းတန်ဖိုး ကျပ်သန်း(၃၀)ဖြင့် ဆေးရုံအုပ်နေအိမ်(၁)လုံးတို့ကို တည်ဆောက်ပေးခဲ့ပြီးဖြစ် ပါတယ်။ ယခုအခါ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းတန်ဖိုးငွေကျပ်(၅၁၇)သန်းဖြင့် (၆)ခန်းတွဲ(၄)ထပ် ဝန်ထမ်းအိမ်ရာ(၁)လုံးအား ထပ်မံခွင့်ပြု တည်ဆောက်ပေးလျက်ရှိပါတယ်။ မိုးညှင်း ပြည်သူ့ဆေးရုံတွင် တိုးချဲ့နှစ်ထပ်ဆောင် တင်ပြတောင်းခံမှုအပေါ် ဆက်သွယ်စိစစ်ရာ အဆိုပြု တိုးချဲ့နှစ်ထပ်ဆောင်အပေါ်ထပ်တွင် ပြည်သူ့ကျန်းမာရေး အစည်းအဝေးခန်းမ၊ နားနေခန်းများ ဆောင်ရွက်ရန် ရည်မှန်းထားရှိပြီး ပြည်သူ့ကျန်းမာရေးဝန်ထမ်းများအတွက် အစည်းအဝေးခန်းမအား ပြည်သူ့ကျန်းမာရေး အဆောက်အအုံတည်ရှိမှုနှင့် ဆက်စပ်ဆောင်ရွက်ရန် လိုအပ်ခြင်း၊ တိုးချဲ့ အဆောက်အဦ ဆောက်လုပ်မည့်နေရာရှိ ဝန်ထမ်း/သူနာပြုနေအိမ်(၃)လုံးမှ (၄)လုံးအထိ ဖျက်သိမ်းရန် လိုအပ်ခြင်း၊ ဝန်ထမ်းနေအိမ်များ ဖျက်သိမ်းခြင်းအရ ဝန်ထမ်းမိသားစုများအား ပြင်ပတွင် ငှားရမ်း နေထိုင်စေရန် ရည်မှန်းထားသည်ဟု သိရှိရ၍ ဝန်ထမ်းများ ပြန်လည်နေရာချထားရေးနှင့် စီမံကိန်း လုပ်ငန်းမစတင်မီ လုပ်ငန်းလမ်းညွှန်ချက်အရဖြစ်သော အဆောက်အအုံ ဖျက်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ခြင်း၊ အဆိုပြုတိုးချဲ့လူနာဆောင်၏ တွက်ချက်တင်ပြမှုများသည် ဆောက်လုပ်ရေး လုပ်ငန်းလမ်းညွှန်ချက်အရဖြစ်သော မြို့ပြ၊ လျှပ်စစ်၊ ရေသန့်သတ်မှတ်ပုံစံများ ဆောင်ရွက်ထားရန်

လိုအပ်လျက်ရှိခြင်း၊ ဆေးရုံအုပ်ကြီးနှင့် စိစစ်ညှိနှိုင်းမှုအရ အဆိုပြုတိုးချဲ့ဆောင်အပေါ်ထပ်တွင် ဆေးရုံအုပ်ရုံးခန်းအပါအဝင် အုပ်ချုပ်၊ စီမံအခန်း ဖွဲ့စည်းမှုများပါဝင်လိုခြင်းနှင့် မြေညီထပ်တွင် အရေးပေါ်ဌာန၊ ခွဲစိတ်ခွဲ၊ ခွဲစိတ်မှုခန်းများ ပူးတွဲထားလိုခြင်းအရ Drawing ပြန်လည်ရေးဆွဲရန် လိုအပ်ခြင်းတို့ကြောင့် မိုးညှင်းပြည်သူ့ဆေးရုံအတွက် တိုးချဲ့နှစ်ထပ်ဆောင် တင်ပြတောင်းခံမှုအပေါ် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် စီမံကိန်းလျာထားချက်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ဆက်လက်၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်ရှင်။ Power Point အသုံးပြုခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ New Normal Condition တွင် စိတ်ကျန်းမာရေးပြဿနာများ ပိုမိုများပြားလာနိုင်သည်ဖြစ်ရာ ပြဿနာများပေါ်ပေါက်လာရာမှ ဆောင်ရွက်ခြင်း (Reactive)ထက် ကြိုတင်ကာကွယ်ခြင်း(Proactive)ကို ပြုလုပ်လျက်ရှိကြပါတယ်။ Proactive အနေနဲ့ စိတ်ကျန်းမာရေးပညာပေးခြင်း၊ စိတ်ကျန်းမာရေး မြှင့်တင်ရေးလုပ်ငန်းများလုပ်ဆောင်ခြင်း၊ အလုပ်မဝင်ခင် တက္ကသိုလ်တက်စဉ်မှာ စိတ်ကျန်းမာရေးစစ်ဆေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ စိတ်ကျန်းမာရေးစစ်ဆေးခြင်းများ စသည်တို့ကို လက်လှမ်းမီသရွေ့ ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ အဖြစ်များသော စိတ်ရောဂါများမှာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ပြောကြားသော စိတ်ကျရောဂါ၊ စိုးရိမ်စိတ်လွန်ရောဂါ၊ စိတ်ဖောက်ပြန်ရောဂါ၊ အရက်စွဲရောဂါနှင့် အရက်ကြောင့်ဖြစ်သော စိတ်ရောဂါ၊ မူးယစ်ဆေးစွဲခြင်းနှင့် ယင်းဆေးများကြောင့်ဖြစ်သော စိတ်ရောဂါတို့ပါဝင်နေသည်မှာ မှန်ကန်ပါတယ်။ ၂၀၁၇ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်တွင် ပြည်သူလူထုအခြေပြု စစ်တမ်းကောက်ယူခဲ့ရာ စိတ်ဖောက်ပြန်ရောဂါများမှာ လူဦးရေ (၁၀၀၀)ဦးတွင် (၈.၆)ဦးနှုန်း၊ စိတ်ကျရောဂါမှာ လူဦးရေ (၁၀၀၀)ဦးမှာ (၈.၉)ဦးနှုန်း၊ အတက်ရောဂါမှာ လူဦးရေ (၁၀၀၀)ဦးမှာ (၈.၁)ဦးနှုန်းရှိနေကြောင်း တွေ့ရှိခဲ့ရပါတယ်။ စိတ်ရောဂါကုထုံးများအနေနဲ့ စိတ်ရောဂါကုသမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် စိတ်ရောဂါကုထုံးများသည် လူနာနှင့်တွေ့ထိ၍ ရင်းနှီးပွင့်လင်းစွာ တိုင်ပင်စေသော ကုထုံးများမဟုတ်ပဲ Drug Treatment များကို ကာလကြာရှည်စွာပေးသော နည်းလမ်းများဖြင့်သော်လည်းကောင်း၊ တုပ်နှောင်ခြင်းသုံး၍ ကုသသောနည်းလမ်းများဖြင့်သော်လည်းကောင်း ကုသနေကြသဖြင့် ကောင်းမွန်သောကုထုံးများ မရရှိကြပါဟုဆိုထားရာ ကောင်းမွန်သောကုထုံးများ မရရှိကြပါ ဟုဆိုသည်မှာ မဟုတ်ပါကြောင်း တင်ပြထားပါတယ်။

စိတ်ရောဂါလူနာများကို ကုသရာတွင် ဆေးဝါးဖြင့် ကုသခြင်းအပြင် စိတ်–လူမှုရေးပိုင်းဆိုင်ရာ (Bio–Psycho–Social) နည်းများဖြင့် အသုံးပြု၍ ကုသပေးနေပါတယ်။ မြန်မာနိုင်ငံမှာ နိုင်ငံတကာစံချိန်စံညွှန်းများဖြစ်သော Treatment Guideline များအတိုင်း ဆေးဝါးဖြင့် ကုသမှုများ

Medication Treatment များကို ပေးနေပါတယ်။ စိတ်–လူမှုရေးပိုင်းဆိုင်ရာ (Psycho–Social) ကုထုံးများပေးရာတွင် အားနည်းနေမှုရှိပါတယ်။ စိတ်ကျန်းမာရေးဆေးရုံကြီး (ရန်ကုန်)အနေဖြင့် ဆေးရုံအခြေပြု စိတ်–လူမှုပြန်လည်ထူထောင်ရေး (Psycho–Social Rehabilitation) လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။

စိတ်–လူမှုပြန်လည်ထူထောင်ရေး (Psycho–Social Rehabilitation)မှာ အဆောင်တွင်း လုပ်ငန်းများအား လူနာများကိုယ်တိုင် ပါဝင်ဆောင်ရွက်စေခြင်း (Patient regulated daily activities) အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားခြင်း (Vocational Trainings) လူမှုဆက်ဆံရေး ပြန်လည်ကောင်းမွန်ရန်သင်ကြားပေးခြင်း (Social Skill Training) အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များ သင်ကြားပေးခြင်း (vocational Trainings) လက်မှုပစ္စည်းထုတ်လုပ်ခြင်း၊ သဘာဝ ဆပ်ပြာ ခေါင်းလျှော်ရည်ထုတ်လုပ်ခြင်း၊ ခြေသုတ်ခုံချုပ်လုပ်ခြင်း၊ သီးပင်စားပင်စိုက်ပျိုးခြင်း၊ လူမှု ဆက်ဆံရေး ပြန်လည်ကောင်းမွန်ရန် သင်ကြားပေးခြင်း (Social Skill Training)၊ ဘုရားဖူး အပန်းဖြေထွက်ခြင်း၊ သီချင်းဆိုခြင်း၊ ကခြင်း၊ ဘာသာရေးပွဲတော်များတွင် ပါဝင်ဆောင်ရွက်စေခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကုခန်းစိတ်ပညာရှင် (Clinical Psychologist)များ မရှိသေးခြင်းကြောင့် (Psychotherapy)ပေးရာတွင် စိတ်ကျန်းမာရေးဆရာဝန်များကသာ ဆောင်ရွက် နေရသဖြင့် Clinical Psychologist များမှသာပေးနိုင်သော စိတ်ပိုင်းဆိုင်ရာကုထုံးများကို မရရှိနိုင်ပါ သေးကြောင်း တင်ပြအပ်ပါတယ်။ ကုခန်းစိတ်ပညာရှင်များအဖြစ် မွေးထုတ်နိုင်ရန် စိတ်ပညာ ဘွဲ့ရသူ များကို အဆင့်မြင့်ဘွဲ့လွန်ဒီဂရီဖြစ်သည့် ကုခန်းစိတ်ပညာရပ်အမျိုးမျိုး (Clinical Psychology) တက်ရောက်စေပြီး စိတ်ကျန်းမာရေး ဆေးရုံများတွင် ဆေးလက်တွေ့ (Clinical Attachment) များ ပေးရမည်ဖြစ်သဖြင့် ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါတယ်။

ယခုအခါ ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာန (Center of Excellence)မှာ စိတ်ပညာဘွဲ့ရ သူများကို Clinical Psychology ဘွဲ့လွန်သင်တန်းများ သင်ကြားပေးနိုင်ရန် ညှိနှိုင်းစီစဉ်ဆောင်ရွက် လျက်ရှိနေပါတယ်။ Drug Treatment များကို ကာလကြာရှည်စွာပေးသည်ဟုဆိုရာတွင် စိတ်ရောဂါ များ၏ သဘောသဘာဝအရ အချို့သော စိတ်ရောဂါဝေဒနာရှင်များဖြစ်တဲ့ စိတ်ကစဉ့်ကလျားရောဂါ (Schizophrenia)များသည် ဆီးချိုသွေးချို၊ သွေးတိုးရောဂါများကဲ့သို့ပင် ရေရှည်ဆေးသောက်ရန် အထူးလိုအပ်သဖြင့် ထိုလူနာများကို ရေရှည်ဆေးဖြင့် ကုသရပါသည်။

အချို့စိတ်ရောဂါများမှာ ဥပမာ–အပျော့စားစိတ်ကျရောဂါ (Mild Depression)မှာ စိတ်လူမှုဆိုင်ရာကုထုံး (Psychosocial Traeatmet) (ဥပမာ၊ Counselling ၊ Cognitive Behavioural Therapy)တို့နှင့် သက်သာနိုင်ပါတယ်။ သို့သော်လည်း အလယ်အလတ် ပြင်းထန်သည့်စိတ်ကျရောဂါ Moderate Depression အဆင့်မှစ၍ တခြားသော စိတ်ဖောက်ပြန်သောရောဂါများ လူမှုရေးဆိုင်ရာ ကုထုံး (Psychosocial Treatment)တစ်ခုတည်းဖြင့် ကုသ၍မရနိုင်ဘဲ ဆေးဝါးကုသမှုလိုအပ်

ပါတယ်။ တုပ်နှောင်ခြင်းသုံး၍ ကုသသောနည်းလမ်းများ အသုံးပြုသည်ဟုဆိုရာတွင် မည်သည့် လူနာကိုမှ ကာလတာရှည်စွာ တုပ်နှောင်ရန်မလိုအပ်ပါ။ ဆေးရုံများတွင်လည်း မလိုအပ်ပဲ တုပ်နှောင် ခြင်းမရှိပါ။ သို့သော် ရောဂါအခြေအနေအရ လူနာကိုယ်တိုင်နှင့် အခြားသူများကို အန္တရာယ်ရှိ နိုင်သော ကြမ်းတမ်းသည့် အပြုအမူများပေါ်ပေါက်လာပါက အန္တရာယ်ကင်းစေရန်အတွက် ခေတ္တ ဆောင်ရွက်ထားခြင်းနှင့် ၎င်းဆောင်ရွက်ခြင်းများကိုလည်း နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ညီသော Treatment Guideline များအတိုင်း အသုံးပြုရပါသည်။

စိတ်ကျန်းမာရေးဆိုင်ရာ အခြေခံဗဟုသုတများ နည်းသည်ဟုဆိုရာတွင် စိတ်ကျန်းမာရေး ဆိုင်ရာ ဗဟုသုတနည်းပါးခြင်းအပြင် စိတ်ရောဂါများကို စိတ်ကျန်းမာရေးပြဿနာဟုမယူဆဘဲ ရိုးရာအယူအဆအစွဲအလမ်းများ ပယောဂ၊ အောက်လမ်းတို့ကြောင့်ဖြစ်သည်ဟူသော အယူအဆအလွဲ အမှားများလည်း ရှိနေပါတယ်။ စိတ်ကျန်းမာရေးဆိုင်ရာအခြေခံ ဗဟုသုတများ တိုးတက်လာစေရန် အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန စိတ်ကျန်းမာရေးစီမံချက်မှ စီမံချက်များရေးဆွဲ၍ နှစ်စဉ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ကမ္ဘာ့စိတ်ကျန်းမာရေးနေ့အထိမ်းအမှတ်အနေဖြင့် စိတ်ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းများ ပြုလုပ်ပေးလျက်ရှိပါတယ်။

စိတ်ရောဂါလူနာများအား စောစီးစွာသိရှိရန်နှင့် ဆောလျင်စွာကုသမှုရရှိအောင် (Early Diagnosis and Prompt Treatment) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် တိုင်း ဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဆရာဝန်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများအား အခြေခံ စိတ်ကျန်းမာရေး စောင့်ရှောက်မှုသင်တန်းကို (၂)နှစ်လျှင် ပြည်နယ်နှင့်တိုင်းဒေသကြီး (၃)နေရာ၌ ပို့ချလျက်ရှိပါတယ်။ စိတ်ကျန်းမာရေး ပညာပေးအစီအစဉ်များကိုလည်း စိတ်ကျန်းမာရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မီဒီယာများမှတဆင့် စိတ်ကျန်းမာရေးပညာပေးခြင်း၊ ပြည်သူ လူထုအခြေပြု စိတ်ကျန်းမာရေးပညာပေးခြင်း၊ ကျောင်းများတွင် စိတ်ကျန်းမာရေးပညာပေးခြင်း၊ စိတ်ကျန်းမာရေး စောင့်ရှောက်မှုကွာဟချက် လျှော့ချမှုများဆောင်ရွက်ခြင်း၊ အခြေခံကျန်းမာရေး ဝန်ထမ်းများအား သင်တန်းပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များအနေဖြင့် စိတ်ကျန်းမာရေး အထူးကု ဆရာဝန်အင်အား (ဝန်ထမ်းနှင့်ပုဂ္ဂလိက)အနေဖြင့် ယခုလက်ရှိအခြေအနေတွင် လူဦးရေ (၄)သိန်းတွင် စိတ်ကျန်းမာရေးဆရာဝန်(၁)ဦး၊ (၀.၂၇/၁၀၀၀၀၀)နှုန်းသာရှိတဲ့အတွက်ကြောင့် အလွန် နည်းပါးနေပါတယ်။

သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ဆေးတက္ကသိုလ်အသီးသီးမှ နှစ်စဉ်စိတ်ရောဂါအထူးကုဆရာဝန်(၂၀)ဦးမှ (၃၀)ဦးခန့် မွေးထုတ်လျက်ရှိပါတယ်။ ယခုတင်ပြတဲ့ Slide ကတော့ လူဦးရေ(၁)သိန်းမှာ စိတ်ရောဂါကု ကျန်းမာရေးရဲ့ လုပ်သားအင်အားကို တင်ပြရခြင်း ဖြစ်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်တဲ့အခါမှာ ဆေးပညာဘွဲ့သင်ရိုးညွှန်းတမ်းများကို ပြင်ဆင်ပြီးတော့ Integrated Curriculum အဖြစ် အဆင့်မြှင့်တင်နေပြီဖြစ်ပါတယ်။ စိတ်ကျန်းမာရေး

ဘာသာရပ်ကို ယခုအချိန်ထက် ပိုမိုအချိန်ယူသင်ကြားရမည်ဖြစ်ပြီး Behavioural and Social Science ဘာသာရပ်ကိုလည်း သင်ကြားပေးမှာဖြစ်ပါတယ်။ ဒါကြောင့် နောင်မျိုးဆက်သစ် ဆေးပညာဘွဲ့ရများမှာ ပိုမိုထိရောက်သည့် အခြေခံစိတ်ပညာကျန်းမာရေး စောင့်ရှောက်မှုများ ပိုမိုပေးနိုင်မှာဖြစ်ပါတယ်။ သူနာပြုတက္ကသိုလ်တွင်လည်း ဘွဲ့လွန်စိတ်ကျန်းမာရေး သူနာပြုဒီပလိုမာကို ပေးအပ်လျက်ရှိပြီး ပိုမိုမွေးထုတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် ဆက်စပ်ပညာရှင်များဖြစ်တဲ့ (Allied Professional)များဖြစ်သည့် ကုခန်းစိတ်ပညာရှင်များဖြစ်သည့် (Occupational Therapist)များကိုလည်း ဆက်စပ်ဝန်ကြီးဌာနများဖြစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်း၍ မွေးထုတ်ပေးရန်လည်း စီစဉ်လျက်ရှိပါတယ်။ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် စိတ်ကျန်းမာရေးမူဝါဒအနေနဲ့ ၁၉၉၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော အမျိုးသားကျန်းမာရေးမူဝါဒ၏ တစိတ်တစ်ဒေသအနေဖြင့်သာ ပါဝင်ခဲ့ပြီး သီးခြားစိတ်ကျန်းမာရေးမူဝါဒမရှိခဲ့ပါ။ ၁၉၉၅ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်တို့တွင် National Mental Health Policy မူကြမ်းများ ရေးဆွဲနိုင်ခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်မှာ WHO-AIMS Report on Mental Health System in Myanmar ကို ထုတ်ဝေနိုင်ခဲ့ပါတယ်။

လက်ရှိအခြေအနေ ၂၀၁၇ ခုနှစ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုဝန်ကြီး၏လမ်းညွှန်မှုဖြင့် National Mental Health Policy ကို ပြန်လည်ပြင်ဆင်ရေးဆွဲရန် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စိတ်ကျန်းမာရေးစီမံချက်နှင့် မြန်မာနိုင်ငံဆရာဝန်အသင်း စိတ်ကျန်းမာရေးပညာအဖွဲ့ဦးဆောင်၍ ဆေးတက္ကသိုလ်အသီးသီးရှိ စိတ်ကျန်းမာရေးပညာဌာနမှ စိတ်ကျန်းမာရေးအထူးကုဆရာဝန်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ စိတ်ကျန်းမာရေးအထူးကုဆရာဝန်များပူးပေါင်း၍ ပြင်ဆင်ရေးဆွဲရေးအတွက် ပထမအကြိမ်အလုပ်ရုံဆွေးနွေးပွဲကို ၇-၆-၂၀၁၈ ရက်နေ့တွင် ကျင်းပခဲ့ပါတယ်။ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ဆက်စပ်ဝန်ကြီးဌာနများနှင့် NGOs/ INGOs များ ပါဝင်၍ ၄-၉-၂၀၁၈ ရက်နေ့မှာ ကျင်းပခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် မေလ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အထိ WHO မှ စိတ်ကျန်းမာရေး မူဝါဒရေးဆွဲရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်ဖြစ်သည့် Australia နိုင်ငံမှ Professor Harry Minus ကို ဖိတ်ခေါ်၍ ပြန်လည်ပြင်ဆင်ရေးဆွဲရေး တတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပါတယ်။

၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှ ၆ ရက်နေ့အထိ နေပြည်တော်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဦးဆောင်၍ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပေးခဲ့ပါတယ်။ ထိုအလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးတို့မှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပမှ စိတ်ကျန်းမာရေးနှင့်ဆက်စပ်သည့် NGOs/INGOs အဖွဲ့အစည်းအသီးသီးတို့မှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေး၍ စိတ်ကျန်းမာရေးမူဝါဒနှင့် စိတ်ကျန်းမာရေး မဟာ

ဗျူဟာစီမံချက် ၂၀၂၁-၂၀၂၅ မူကြမ်းကို အတည်ပြုခဲ့ပါတယ်။ ဆက်လက်၍ စိတ်ကျန်းမာရေးမူဝါဒနှင့် စပ်လျဉ်း၍ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိ/မရှိ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံတော်၏မူဝါဒနှင့်ကိုက်ညီမှု ရှိ/မရှိကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့သို့လည်းကောင်း၊ မူဝါဒရေးရာနှင့် ဥပဒေရေးရာဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့လည်းကောင်း ၁၅-၁-၂၀၂၀ ရက်နေ့တွင်ပေးပို့၍ သဘောထားမှတ်ချက် တောင်းခံခဲ့ပါတယ်။ ၂၃-၁-၂၀၂၀ ရက်နေ့နှင့် ၂၈-၂-၂၀၂၀ ရက်နေ့တို့တွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ စိတ်ကျန်းမာရေးမူဝါဒ အကောင်အထည်ဖော်ရေး ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကိုဖြေရှင်းလျက် အားလုံးလက်လှမ်းမီသည့် စောင့်ရှောက်မှုများ၊ ဝန်ဆောင်မှုများပေးအပ်နိုင်ရေးဆောင်ရွက်မည်ဖြစ်၍ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးကို အကျိုးသက်ရောက်စေပါသဖြင့် ကန့်ကွက်ရန် မရှိပါကြောင်းနှင့် ဥပဒေကြောင်းအရ မှတ်ချက်ပြုရန် မရှိပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားလာပါတယ်။

နိဂုံးချုပ်အနေနဲ့ ယခုအခါကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် New normal condition တွင် စိတ်ကျန်းမာရေးပြဿနာများ ပိုမိုများပြားလာနိုင်မည်ဖြစ်ရာ ပြဿနာများပေါ်ပေါက်လာမှ ဆောင်ရွက်ခြင်း Reactive ကြိုတင်ကာကွယ်ခြင်း Proactive တို့ကို ပြုလုပ်လျက်ရှိကြောင်း စိတ်ကျန်းမာရေး စောင့်ရှောက်ရေးမဟာဗျူဟာမြောက် စီမံဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှ Play လို့ခေါ်သော ကိုယ်လက်လှုပ်ရှားမှုပါဝင်တဲ့အတွက် ERM System ကို တစ်ပြည်လုံးမှာ ဆောင်ရွက်လျက်ရှိနေတာကို အားလုံးလည်း သိကြပြီးဖြစ်ပါမယ်။ စိတ်ကျန်းမာရေးမူဝါဒနှင့် စိတ်ကျန်းမာရေး မဟာဗျူဟာစီမံချက် ၂၀၂၀ - ၂၀၂၅ ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့အစည်းသို့တင်ပြ၍ ထုတ်ပြန်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှင်။ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်ရှင်။ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ တံတားကျေးရွာအုပ်စု၊ တံတားနောက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ခုတင်(၅၀)ဆံ့ တောင်သာမြို့နယ်ဆေးရုံတစ်ရုံ၊ ကျောဇီတိုက်နယ်ဆေးရုံ၊ ဝဲလောင်တိုက်နယ်ဆေးရုံ၊ ဇဂျမ်းတိုက်နယ်ဆေးရုံ၊ ရုံးစည်ကြီးတိုက်နယ်ဆေးရုံ စုစုပေါင်းဆေးရုံ(၅)ရုံ၊ မိခင်ကလေးကျန်းမာရေးဌာန(၁)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၉)ခု၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)(၄၀)ခု ဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ တံတား

ကျေးလက်ကျန်းမာရေးဌာနအောက်တွင် သပြေဝတွင်းများ၊ အုန်းကျင်း၊ သမက္ကူ စုစုပေါင်း ကျေးလက်ကျန်းမာရေးဌာနခွဲ (၄)ခုရှိပြီး တံတားကျေးလက်ကျန်းမာရေးဌာနပိုင် နယ်မြေတစ်ခုလုံးတွင် အိမ်ခြေ (၃၀၁၀)အိမ်၊ လူဦးရေ (၁၇၉၀၄)ဦး ရှိပါတယ်။ တံတားကျေးလက်ကျန်းမာရေးဌာန(ခွဲ)၏ ပင်မနယ်မြေတွင် တံတားအနောက်၊ တံတားအရှေ့နှင့် ချင်းယာတောင်ရွာတို့ ပါဝင်ပါတယ်။ တိုက်နယ်ဆေးရုံဆောက်လုပ်ရန် မြေနေရာလျာထားပြီးဖြစ်သော်လည်း မြေစာရင်းပိုင်ဆိုင်မှုပုံစံ (၁၀၅၊ ၁၀၆) ရရှိထားခြင်းမရှိသေးပါ။ တံတားကျေးလက်ကျန်းမာရေးဌာနပိုင်မြေတွင် လူဦးရေ (၁၇၉၀၄)ဦးသာရှိသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ မူဝါဒအရ တိုက်နယ်ဆေးရုံဖွင့်လှစ်ရန် လူဦးရေအနည်းဆုံး (၃၀၀၀၀)ဦး ထားရှိရမည်ဆိုသည့်အချက်နှင့် ကိုက်ညီရန် လိုအပ်နေပါသေးသည်။

သို့ဖြစ်ပါ၍ တိုက်နယ်ဆေးရုံဆောက်လုပ်ရန် မြေနေရာပိုင်ဆိုင်မှုမရှိသေးခြင်း၊ တံတားကျေးလက်ကျန်းမာရေးဌာနပိုင်မြေတစ်ခုလုံးတွင် နေထိုင်လျက်ရှိသောလူဦးရေသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ မူဝါဒနှင့် ကိုက်ညီမှုလတ်တလောတွင် မရှိသေးပါသဖြင့် တိုက်နယ်ဆေးရုံအဖြစ်တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဆေးပစ္စည်းကိရိယာ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်း**

**အချိန်၊ ၁၁:၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဆေးပစ္စည်းကိရိယာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၁၃။**

**ဒေါက်တာမြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ဆေးပစ္စည်းကိရိယာမူဝါဒ မူကြမ်းအား အမျိုးသားလွှတ်တော်သို့ တင်သွင်းမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် ဆေးပစ္စည်းကိရိယာများထုတ်လုပ်ခြင်း၊ တင်သွင်း၊ တင်ပို့ခြင်းနှင့်စပ်လျဉ်း၍ အရည်အသွေးကောင်းမွန်၍ ဘေးအန္တရာယ်ကင်းရှင်းပြီး အကျိုးအာနိသင်ရှိသော ဆေးပစ္စည်းကိရိယာများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် ဆေးပစ္စည်းကိရိယာများကို စနစ်တကျ မှတ်ပုံတင်ထားရှိနိုင်ရန် ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊

ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းတို့ကို စနစ်တကျကြပ်ကဲထိန်းသိမ်းနိုင်ရန်၊ ဒေသအတွင်းနိုင်ငံအသီးသီးမှ ဆေးပစ္စည်းကိရိယာ အရည်အသွေး ကြပ်ကဲမှုဆိုင်ရာ စိစစ်မှုနည်းလမ်းများနှင့် ပြဋ္ဌာန်းချက်များကို အပြန်အလှန်အသိအမှတ်ပြုနိုင်ရန်နှင့် လွတ်လပ်သော ကုန်သွယ်မှုဒေသများအတွင်း ကုန်သွယ်ရေးဆိုင်ရာ နည်းပညာအတားအဆီးများ လျှော့ချနိုင်ရန် ရည်ရွယ်၍ ဆေးပစ္စည်းကိရိယာ ဥပဒေမူကြမ်းကို အခန်း(၁၇)ခန်း၊ ပုဒ်မ ၄၇ ခုဖြင့် ရေးဆွဲခဲ့ပါတယ်။ ဆေးပစ္စည်းကိရိယာ ဥပဒေမူကြမ်းရေးဆွဲရခြင်းမှာ (က) အာဆီယံဆေးပစ္စည်း ကိရိယာဆိုင်ရာ သဘောတူညီချက် ASEAN Medical Device Directive ကို ၂၀၁၄ ခုနှစ်တွင် အာဆီယံ(၁၀)နိုင်ငံမှ သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ထိုသဘော တူညီချက်သည် ဒေသတွင်း ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများကို လျှော့ချနိုင်ရန် ရည်ရွယ်၍ ဆေးပစ္စည်းကိရိယာ များ၏ အရည်အသွေး ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ နည်းပညာအချက်အလက်များ ပါဝင်ပါတယ်။

(ခ) မြန်မာနိုင်ငံတွင် ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း၊ တင်သွင်း၊ တင်ပို့ခြင်းနှင့် စပ်လျဉ်း၍ အရည်အသွေး ကြီးကြပ်ကွပ်ကဲခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိပါတယ်။ အာဆီယံ ဆေးပစ္စည်းဆိုင်ရာ သဘာတူညီချက်ပါ စည်းမျဉ်းများအရ အဖွဲ့ဝင်နိုင်ငံများတွင် ဆေးပစ္စည်းကိရိယာ ဆိုင်ရာ ဥပဒေတစ်ရပ် ပြဋ္ဌာန်းကျင့်သုံးရမှာဖြစ်ပါတယ်။ (ဂ) ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနသည် ဆေးပစ္စည်းကိရိယာဥပဒေ ရေးဆွဲရေးကော်မတီကို ၂၇-၇-၂၀၁၅ ရက်နေ့တွင် ဖွဲ့စည်းပြီး စတင်ရေးဆွဲခဲ့ပါတယ်။ အာဆီယံဆေးပစ္စည်းဆိုင်ရာ သဘောတူညီချက်ကို မြန်မာနိုင်ငံက အတည်ပြု ဝင်ရောက်သည့် Instrument of Ratification ကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် ပေးပို့ခဲ့ပါတယ်။ (ဃ) ဤဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်းအားဖြင့် ဘေးအန္တရာယ်ကင်းရှင်း သော အရည်အသွေးစစ်မှန်ကောင်းမွန်သည့် ဆေးပစ္စည်းကိရိယာများကို ပြည်သူများ ရရှိသုံးစွဲနိုင်ရန် အတွက် ဆေးပစ္စည်းကိရိယာ မှတ်ပုံတင်ခြင်း၊ ထုတ်လုပ်ခြင်း၊ တင်သွင်းဖြန့်ဖြူး ရောင်းချခြင်း၊ တင်ပို့ခြင်းဆိုင်ရာကိစ္စရပ်များကို စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်မှာ ဖြစ်ပါတယ်။ အဆိုပါဥပဒေ မူကြမ်းနှင့် စပ်လျဉ်း၍ ၁၅-၇-၂၀၂၀ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၌ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဆေးပစ္စည်းကိရိယာဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်မှ လက်ခံ ဆွေးနွေးပေးနိုင်ပါရန် လေးစားစွာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ဆေးပစ္စည်းကိရိယာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ ဆေးပစ္စည်းကိရိယာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၁၇။**

**ဒေါက်တာမျိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်ကို တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးပဲ မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဒေါက်တာမျိုးအောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဆေးပစ္စည်းကိရိယာဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ဆေးပစ္စည်းကိရိယာဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း**
**အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ ( ကော်မတီ – ၁ )၁/၂၀၂၀ – ၁၉၃

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ဆေးပစ္စည်းကိရိယာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန်အတွက် ၁၉-၅-၂၀၂၀ ရက်နေ့တွင် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု

ဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၆-၇-၂၀၂၀ ရက်နေ့နှင့် ၁၅-၇-၂၀၂၀ ရက်နေ့တို့တွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ပါသည်။

## လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဆေးပစ္စည်းကိရိယာဥပဒေကြမ်း ကို လေ့လာစိစစ်ရာ -

(က) အဓိပ္ပာယ်ပိုမိုပြည့်စုံမှုရှိစေရန် ဥပဒေကြမ်းတစ်ရပ်လုံးတွင် ပါရှိသော လုပ်ပိုင်ခွင့် လွှဲအပ်ခံရသော ကိုယ်စားလှယ် ဆိုသည့်စကားရပ်ကို ကိုယ်စားလှယ်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ် ဆိုသည့်စကားရပ်ကို ဆေး ပစ္စည်းကိရိယာ မှတ်ပုံတင်လက်မှတ် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ လိုင်စင် ဆိုသည့် စကားရပ်ကို ဆေးပစ္စည်းကိရိယာလိုင်စင် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပြင်းထန်သော ဆိုးကျိုးဖြစ်ရပ် ဆိုသည့်စကားရပ်ကို အန္တရာယ် ဖြစ်စေနိုင်သည့် ထိခိုက်မှု ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ (ပ)ကို အပိုဒ်ခွဲ(န)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား အန္တရာယ်ဖြစ်စေနိုင်သည့် ထိခိုက်မှု(Serious Adverse Event) ဆိုသည်မှာ ဆေးပစ္စည်းကိရိယာတစ်ခုကို သုံးစွဲရန်ရည်ရွယ်ချက်နှင့် အညွှန်း အတိုင်း အသုံးပြုစဉ်တွင် အသက်အန္တရာယ်ကို ထိခိုက်စေနိုင်ခြင်း သို့မဟုတ် လူနာနှင့် အသုံးပြုသူတို့၏ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည့် အခြေအနေများကိုဆိုသည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပိုမိုရှင်းလင်းမှု ရှိစေရန် အပိုဒ် ၁၆ ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား မှတ်ပုံတင် လျှောက်ထားသူသည် အောက်ဖော်ပြပါ သက်ဆိုင်ရာဆေးပစ္စည်းကိရိယာ အမျိုးအစားအလိုက် လိုအပ်သော အထောက်အထား စာရွက်စာတမ်းများ ပူးတွဲ၍ ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည် ဆိုသည့် စကားရပ် ဖြင့် အသီးသီးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) မှတ်ပုံတင်လက်မှတ် လျှောက်ထားရာတွင် အရည်အသွေး ကိုက်ညီမှုမရှိပါက ပြန်လည်လျှောက်ထားနိုင်ရန်အတွက် အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၇၊ အပိုဒ်ခွဲ (ဂ) တွင်ဖော်ပြထားသော စကားရပ်များအစား ပုဒ်မခွဲ(က)အရ စိစစ်ရာတွင် အရည်အသွေး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရလျှင် လိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်ပြီး ပြန်လည်လျှောက်ထားရန် ညွှန်ကြား

ချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းကြားရမည် ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ပြီး အပိုဒ်ခွဲ(ဂ)၏ နောက်တွင် အပိုဒ်ခွဲ(ဃ)နှင့်(င)တို့ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် –

(ဃ) ပုဒ်မခွဲ(ဂ)အရ ပြင်ဆင်ဆောင်ရွက်ခြင်းပြုပြီးနောက် သတ်မှတ်ချက်များနှင့်ကိုက်ညီကြောင်း တွေ့ရှိရပါက ပုဒ်မခွဲ(ခ)ပါအတိုင်း ဆောင်ရွက်ရမည်။

(င) ပုဒ်မခွဲ (ဂ)အရ ပြင်ဆင်ဆောင်ရွက်ပြီး ပြန်လည်လျှောက်ထားမှုကို ထပ်မံစိစစ်ရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရလျှင် ယင်းအကြောင်းပြချက်များကို ဖော်ပြ၍ ဆေးပစ္စည်းကိရိယာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်လိုပါက ညွှန်ကြားချက်များအတိုင်း ပြုပြင်ပြီး ထပ်မံလျှောက်ထားနိုင်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ဂ) ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက် အဆိုပြုဥပဒေကြမ်း အပိုဒ် ၃၁ ကို အပိုဒ် ၃၁ နှင့် အပိုဒ် ၃၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် –

၃၁။ ဆေးပစ္စည်းကိရိယာကို အသုံးပြုသူ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ဆေးပစ္စည်းကိရိယာနှင့် စပ်လျဉ်း၍ အန္တရာယ်ဖြစ်စေနိုင်သည့် ထိခိုက်မှုတစ်စုံတစ်ရာ တွေ့ကြုံပါက ဦးစီးဌာနသို့ သတင်းပို့ အကြောင်းကြားရမည်။

၃၂။ ဦးစီးဌာနသည် ပုဒ်မ ၃၀ နှင့် ပုဒ်မ ၃၁ တို့အရ သတင်းလက်ခံရရှိပါက မှန်ကန်မှု ရှိ၊ မရှိ စစ်ဆေး၍ ဖြစ်ပွားမှုမှန်ကန်ပါက ပုဒ်မ ၂၇ နှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဤဥပဒေတွင် အာဏာတည်သည့် အချိန်ကာလကို တိကျစွာ သတ်မှတ်ပေးနိုင်ရန်အတွက် ဥပဒေကြမ်းအပိုဒ် ၄၅ ကို အပိုဒ် ၄၆၊ အပိုဒ်ခွဲ (က) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ်ခွဲ(က)၏နောက်တွင် အပိုဒ်ခွဲ(ခ)အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေကို ထုတ်ပြန်ပြီး တစ်နှစ်ပြည့်မြောက်သည့် နေ့ရက်မှ စတင်အာဏာတည်စေရမည်။ ဆိုသည့်စကားရပ်ကို အသစ်ဖြည့်စွက်၍ လည်းကောင်း၊ ဥပဒေကြမ်းပါ အခန်းများ ရှေ့နောက် ချိတ်ဆက်မှုရှိစေရန်အတွက် အခန်း(၁၄)ကို အခန်း(၁၅) အဖြစ်လည်းကောင်း၊ အခန်း(၁၅)ကို အခန်း(၁၄) အဖြစ်လည်းကောင်း ပြင်ဆင်သင့်ကြောင်းနှင့် အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၊ အပိုဒ်ခွဲ (စ)ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) ပိုမိုပြည့်စုံမှုရှိစေရန်နှင့် ဥပဒေရေးထုံးမှန်ကန်မှု ရှိစေရန်တို့အတွက် ပြင်ဆင်ထားပြီး ပြောင်းလဲသွားသည့် အခန်း၊ အပိုဒ်၊ အပိုဒ်ခွဲများကိုလည်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီး ဖြစ်ပါသဖြင့် ပြင်ဆင်ဖြည့်စွက်ချက် အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဆေးပစ္စည်းကိရိယာ ဥပဒေကြမ်းကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစားစွာ အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆေးပစ္စည်းကိရိယာ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁:၂၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆေးပစ္စည်းကိရိယာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၁- ၈- ၂၀၂၀ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ ကင်ဆာရောဂါဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းများ လျှော့ချခြင်းနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ လေ့လာဖော်ထုတ်ခြင်း စုံစမ်းလေ့လာမှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁:၂၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ ကင်ဆာရောဂါဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းများ လျှော့ချခြင်းနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ လေ့လာဖော်ထုတ်ခြင်း စုံစမ်းလေ့လာမှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၂၆။**

**ဒေါက်တာစန်းမောင်မောင် (အဖွဲ့ဝင်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ ကင်ဆာရောဂါဖြစ်ပွားမှု၊ သေဆုံးမှု နှုန်းများလျှော့ချခြင်းနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ လေ့လာဖော်ထုတ်ခြင်း အစီရင်ခံစာ အကျဉ်းချုပ်ကို ဖတ်ကြားတင်သွင်းသွားမည့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် ဖြစ်ပါတယ်။ ကျွန်တော့်အား Power Point အသုံးပြုခွင့်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။

**အမျိုးသားလွှတ်တော်**

**ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ**

**ကင်ဆာရောဂါဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းများလျှော့ချခြင်းနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ**

**လေ့လာဖော်ထုတ်ခြင်း အစီရင်ခံစာအကျဉ်းချုပ်**

၁။ ကမ္ဘာတစ်ဝန်းတိုးပွားလာနေသော ကင်ဆာရောဂါ၏ ဆိုးကျိုးများသည် မြန်မာနိုင်ငံ တွင်လည်း ကြီးထွားလျက်ရှိပါသည်။ ကင်ဆာရောဂါကြောင့် သေဆုံးမှု၏ သုံးပုံတစ်ပုံသည် လူသား တို့၏ အပြုအမူ၊ အစားအစာတို့နှင့် ဆက်နွှယ်သောအောက်ပါအန္တရာယ်ငါးခုကြောင့် ဖြစ်ပေါ်နေရ ပါသည်-

(က) အဝလွန်ခြင်း၊

(ခ) အရက်သောက်ခြင်း၊

(ဂ) ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲခြင်း၊

(ဃ) ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစားသုံးမှုနည်းပါးခြင်း၊

(င) ကိုယ်လက်လှုပ်ရှားမှုမရှိခြင်း။

၂။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဝင်ငွေနည်းတိုင်းပြည်များအတွက် အောက်ပါနည်းဗျူဟာ များဖြင့် လူနေမှုပုံစံထိန်းသိမ်းကန့်သတ်ထားခြင်းအား ဆောင်ရွက်သင့်ကြောင်း အကြံပြုထားပါ သည်-

(က) **ဆေးလိပ်နှင့် ဆေးရွက်ကြီး။** အခွန်တိုးမြှင့်သတ်မှတ်ခြင်း၊ လုပ်ငန်းခွင်၊ အများနှင့် သက်ဆိုင်သောနေရာများတွင် ဆေးလိပ်မသောက်ရနေရာများသတ်မှတ်ခြင်း၊

( ခ ) **အရက်အလွန်အကျွံသောက်ခြင်း။** အခွန်တိုးမြှင့်သတ်မှတ်ခြင်း၊ ကလေးသူငယ်များအား အရက်ရောင်းချမှုကန့်သတ်ခြင်း၊ ကြော်ငြာပိတ်ပင်ခြင်း၊

( ဂ ) **ကိုယ်လက်လှုပ်ရှားမှုမရှိခြင်းနှင့် မသင့်လျော်သောအစားအစာများ။** ကိုယ်လက်လှုပ်ရှားအားကစားမြှင့်တင်ခြင်း၊ ကျန်းမာရေးအထောက်အကူပြု အစားအစာများစားသုံးခြင်း၊ အကျိုးပြုအဆီများ Unsaturated fat ပိုမိုသုံးစွဲခြင်း၊ ဆားသုံးစွဲမှုလျှော့ချခြင်း၊

၃။ အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီသည် မြန်မာနိုင်ငံတွင် ကင်ဆာရောဂါဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းများလျှော့ချခြင်းနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ လေ့လာဖော်ထုတ်၍ လွှတ်တော်လုပ်ငန်းပိုင်းဆိုင်ရာလမ်းကြောင်းမှ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ အကြံပြုကူညီဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဝက်စ်မင်စတား ဒီမိုကရေစီဖောင်ဒေးရှင်း (Westminster Foundation For Democracy – WFD) ၏ ကူညီပံ့ပိုးမှုဖြင့် စုံစမ်းလေ့လာမှုတစ်ခုကို ၂၀၁၉ ခုနှစ်၊ မေလတွင် စတင်ဆောင်ရွက်ခဲ့ပါသည်။

၄။ ကော်မတီသည် စုံစမ်းလေ့လာမှုကို အောက်ပါအတိုင်း အဆင့်(၃)ဆင့်ဖြင့် ဆောင်ရွက်ခဲ့ပါသည်–

(က) အဆင့်(၁) – ကြိုတင်ပြင်ဆင်ခြင်း (Pre-plannig and Planning)။ လုပ်ငန်းစဉ် (၆)ရပ်ဖြင့် လည်းကောင်း၊

(ခ) အဆင့်(၂) – အကောင်အထည်ဖော်ဆောင်ရွက်ခြင်း(Implementation)။ လုပ်ငန်းစဉ် (၄) ရပ်ဖြင့်လည်းကောင်း၊

(ဂ) အဆင့်(၃) – ဆက်လက်ဆောင်ရွက်ခြင်း (Follow-up)။ လုပ်ငန်းစဉ် (၁)ရပ်ဖြင့် လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

၅။ စုံစမ်းလေ့လာမှုလုပ်ငန်းစဉ် (၁၁)ဆင့်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၆။ ကော်မတီသည် လွှတ်တော်၏ စောင့်ကြည့်ထိန်းညှိခြင်းအခန်းကဏ္ဍကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်သည့် နည်းလမ်းဖြစ်သော စုံစမ်းလေ့လာမှုတွင် အောက်ပါတို့ကို အဓိကထား၍ လေ့လာစိစစ်ခဲ့ပါသည်–

(က) မြန်မာနိုင်ငံ၏ ကင်ဆာရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုအခြေအနေတို့ကို သိရှိနားလည်ရန်၊

(ခ) ယနေ့ ကျန်းမာရေးစနစ်၏ ကင်ဆာရောဂါကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေး စွမ်းရည်တို့ကို သိရှိနားလည်ရန်၊

(ဂ) လွှတ်တော်နှင့် ကင်ဆာရောဂါအတွက် လုပ်ဆောင်နေသော အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန်(ဝန်ကြီးဌာန၊ အစိုးရမဟုတ်သောအဖွဲ့များနှင့် အရပ်ဘက် အဖွဲ့အစည်းများ)၊ ကင်ဆာနှင့်မကူးစက်နိုင်သောရောဂါဖြစ်စေတတ်သည့် အဓိက အကြောင်းအရာများနှင့် ပတ်သက်သော ဥပဒေကိစ္စနှင့် ဆက်စပ်နေသည့် ဘဏ္ဍာရေးကိစ္စများကို ဦးစားပေးဆောင်ရွက်ရန်၊

(ဃ) မြန်မာနိုင်ငံတွင် ကင်ဆာနှင့်မကူးစက်နိုင်သောရောဂါများ ကာကွယ်တားဆီးမှု ဆိုင်ရာမူဝါဒများ တိုးတက်ကောင်းမွန်ရေးတွင် လွှတ်တော်၏ အခန်းကဏ္ဍကို မြှင့်တင်ရန်။

၇။ ကော်မတီသည် စုံစမ်းလေ့လာမှုအတွက် လွှတ်တော်ကိုယ်စားလှယ်များ (ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်)၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနမှ မူဝါဒရေးရာချမှတ်သူများ၊ ပညာရှင်များနှင့် ကင်ဆာရောဂါကုသနေသော ပါမောက္ခ၊ အထူးကု ဆရာဝန်ကြီးများ၊ NGOs နှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ပုဂ္ဂလိကပညာရှင်များနှင့် တွေ့ဆုံ ဆွေးနွေးခြင်း (၂)ကြိမ်၊ သက်ဆိုင်သူများပါဝင်သည့် နှီးနှောဖလှယ်ပွဲနှင့် ထပ်ဆင့်ဆွေးနွေးပွဲ (၂) ကြိမ်၊ ကင်ဆာအထူးကုဆေးရုံကြီးများ ကွင်းဆင်းလေ့လာမှုခရီးစဉ် (၄)ကြိမ်၊ ကော်မတီတွင် ညှိနှိုင်းဆွေးနွေးမှု (၂၆)ကြိမ် ဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ပါသည်။ စုံစမ်းလေ့လာမှုများအဖြစ် ကင်ဆာရောဂါနှင့် သက်ဆိုင်သူများထံမှ ယနေ့နိုင်ငံတော်တွင် လုပ်ဆောင်နေသော ကင်ဆာရောဂါ ကာကွယ်ထိန်းချုပ်ရေး စီမံခန့်ခွဲခြင်းလုပ်ငန်းများ၊ ပါမောက္ခဆရာဝန်ကြီးများ၏ ကင်ဆာရောဂါ ကုသရေးလုပ်ငန်းအခက်အခဲများ၊ အရပ်ဘက်အဖွဲ့အစည်းများ၏ အတွေ့အကြုံနှင့် အကြံပြုချက်များ၊ ကင်ဆာရောဂါခံစားနေရသူများနှင့် ၎င်းတို့မိသားစုများ၏ အတွေ့အကြုံနှင့် အကြံပြုချက်များ၊ တိုင်ပင်ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါသည်။ ကော်မတီသည် Email, စာ တို့ဖြင့် အကြံပြုချက်များ ကိုလည်း ရယူစုံစမ်းခဲ့ပါသည်။

၈။ စုံစမ်းလေ့လာမှုများမှ အဓိကတွေ့ရှိချက်များအား အောက်ပါအတိုင်း(၄)ပိုင်း ခွဲခြားထား ပါသည်-

(က) ကင်ဆာရောဂါကာကွယ်ရေးနှင့် ကုသရေး၊

( ခ ) ကင်ဆာရောဂါကုထုံးဆိုင်ရာ စိန်ခေါ်မှုများ၊

( ဂ ) ဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်ရေးဘက်စုံပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) အဆုတ်ကင်ဆာရောဂါလူနာများအား တွေ့ဆုံမေးမြန်းခြင်းမှ တွေ့ရှိချက်များ။

၉။ ကင်ဆာရောဂါကာကွယ်ရေးနှင့် ကုသရေးတွေ့ရှိချက်များ

(က) မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကင်ဆာရောဂါဖြစ်ပွားမှုစာရင်းများ ကောက်ယူထားခြင်း မရှိသောကြောင့် ၂၀၁၈ ခုနှစ်၌ ကင်ဆာရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုစာရင်းများ မရရှိခဲ့ဟု အစီရင်ခံစာတစ်စောင်တွင် တွေ့ရှိရပါသည်။

(ခ) ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေ့လာဆန်းစစ်ချက်အရ မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ်အတွင်း အဖြစ်အများဆုံး ကင်ဆာရောဂါ(၅)မျိုးမှာ အဆုတ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ ရင်သားကင်ဆာနှင့် အသည်းကင်ဆာတို့ဖြစ်ကြောင်း သိရှိရပါသည်။

(ဂ) ကော်မတီမှ ကင်ဆာအထူးကုဆေးရုံကြီး(၄)ရုံ (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး) သို့ ကွင်းဆင်းလေ့လာခဲ့ရာ ရန်ကုန်နှင့် မန္တလေးမြို့များတွင် အဖြစ်အများဆုံးကင်ဆာရောဂါ(၄)မျိုးမှာ အဆုတ်ကင်ဆာ၊ ဦးခေါင်းနှင့် လည်ချောင်းကင်ဆာ၊ ရင်သားကင်ဆာနှင့် သားအိမ်ခေါင်းကင်ဆာတို့ ဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။

(ဃ) သုတေသနတစ်ခုတွင် ကင်ဆာရောဂါအားလုံး၏ သုံးပုံတစ်ပုံမှာ ကြိုတင်ကာကွယ်နိုင်ပြီး နောက်ထပ်သုံးပုံတစ်ပုံမှာ စောလျင်စွာ ရောဂါဖော်ထုတ်၍ ကုသပျောက်ကင်းနိုင်ကြောင်း သိရှိရပါသည်။

(င) လက်ရှိအခြေအနေအရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် အဆုတ်ကင်ဆာရောဂါ ဖြစ်ပွားမှုစာရင်းများ ပြုစုထားရှိရန် လိုအပ်ကြောင်း သိရှိရပါသည်။ နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီးတွင် ဆောင်ရွက်နေသည့် ကင်ဆာရောဂါကုသဌာန၏မှတ်တမ်း (Cancer Registry) အတိုင်း တစ်နိုင်ငံလုံးရှိ မြို့နယ်၊ ခရိုင်ဆေးရုံများတွင် ထားရှိရန်နှင့် လူထုအခြေပြု ကင်ဆာမှတ်တမ်းကိုတိုးချဲ့အကောင်အထည်ဖော်ရန် လိုအပ်နေကြောင်း တွေ့ရှိရပါသည်။

(စ) ၂၀၀၈ ခုနှစ်၊ ဩဂုတ်လတွင် စတင်၍ ကင်ဆာလူနာမှတ်တမ်း ကောက်ယူထားခြင်းကို အလှူရှင်အဖွဲ့၏ပံ့ပိုးငွေဖြင့် ရန်ကုန်ကင်ဆာကုသရေးဌာန၊ ပြည်သူ့ဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံများနှင့် တပ်မတော်ဆေးရုံများတွင် ဆောင်ရွက်ခဲ့ပြီး ငွေကြေးအခက်အခဲကြောင့် ဆက်လက်မဆောင်ရွက်နိုင်ဘဲ ရပ်ဆိုင်းခဲ့ရကြောင်း သိရှိရပါသည်။

(ဆ) မြန်မာနိုင်ငံသည် ကျန်းမာရေးစောင့်ရှောက်မှုများရရှိနိုင်ရန် လူနာများ လက်လှမ်းမီမှုနှင့် လွှမ်းခြုံမှုတို့တွင် လိုအပ်ချက်များရှိနေကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကျန်းမာရေးဘတ်ဂျက် အမေရိကန်ဒေါ်လာ (၉၄)သန်းမှ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း(၈၅၀)အထိ တိုးမြှင့်ခဲ့သော်လည်း အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက လွန်စွာနည်းပါးနေကြောင်း တွေ့ရှိရပါသည်။

(ဇ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကင်ဆာရောဂါနှင့် မကူးစက်နိုင်သောရောဂါများ ကာကွယ်ရေးကို ဦးစားပေးသော်လည်း အားလုံးလက်လှမ်းမီသော ကင်ဆာရောဂါကုသရေးမှာ အလှမ်းဝေးနေသေးကြောင်း၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့်တောင်ကြီးမြို့များရှိ ဆေးရုံကြီးများတွင်သာ ဓာတ်ရောင်ခြည်ကုသမှုနှင့် ဆေးသွင်းကုသမှုရရှိနိုင်ကြောင်းနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ဆေးရုံ (၉) ခုတွင် ဆေးသွင်းကုသမှု တစ်ခုတည်းသာ တွေ့ရှိရပါသည်။

(ဈ) မြောက်ဥက္ကလာပဆေးရုံကြီးသို့ ရန်ကုန်တိုင်းဒေသကြီးအပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များပါ လာရောက်ပြီး ကုသနေကြောင်းတွေ့ရှိရပါသည်။ လာရောက်ကုသသူများသည် ရန်ကုန်တိုင်းဒေသကြီးမှ (၆၈) ရာခိုင်နှုန်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်မှ (၃၂) ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

(ည) မြောက်ဥက္ကလာပဆေးရုံကြီး၊ တောင်ကြီးမြို့စပ်စံထွန်းဆေးရုံကြီး၊ နေပြည်တော်ခုတင်(၁၀၀၀) ဆေးရုံကြီး၊ တပ်မတော်ဆေးရုံများ၏ အဆုတ်ကင်ဆာနှင့် အထွေထွေကင်ဆာကုသမှု နှိုင်းယှဉ်မှုဇယား နှင့် ကွင်းဆင်းကောက်ယူရရှိခဲ့သည့် အဖြစ်အများဆုံး ကင်ဆာရောဂါ(၁၀)မျိုး၏ အမည်စာရင်းကို သိရှိရပါသည်။

(ဋ) တွေ့ဆုံဆွေးနွေးမှုများမှ ဆင်းရဲနွမ်းပါးသူများ၏ ကျန်းမာရေးဝန်ဆောင်မှုများ ရရှိစေရန်အတွက် အဆုတ်ကင်ဆာဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းများ လျှော့ချခြင်းနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်မြင့်မားမှုကြောင့် ကုသမှုခံယူရန် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရှိရပါသည်။

(ဌ) ကင်ဆာရောဂါကာကွယ်ရေးအတွက် ကျန်းမာအောင်နေထိုင်နိုင်ရန် ပြည်သူလူထု၏ ကျန်းမာရေးအသိပညာနှင့် ဗဟုသုတမြှင့်တင်ပေးရန် လိုအပ်လျက်ရှိကြောင်း၊ အခြေခံကျန်းမာရေးဝန်ထမ်းများကို ကင်ဆာရောဂါနှင့် မကူးစက်နိုင်သောရောဂါ ကာကွယ်ရေးအသိပညာဗဟုသုတများ သင်ကြားပေးပြီး ၎င်းတို့မှတစ်ဆင့် လူထုသို့ ဖြန့်ဝေပေးခြင်းကို တိုးမြှင့်ဆောင်ရွက်ပေးသင့်ကြောင်း တွေ့ရှိရပါသည်။

(ဍ) ကင်ဆာရောဂါနှင့်ပတ်သက်၍ ဆောင်ရွက်နေကြသည့် လူထုအခြေပြုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများကလည်း လူငယ်အခြေပြု ကင်ဆာရောဂါကာကွယ်ရေး အစီအစဉ်များတွင် ကျောင်းကျန်းမာရေးကင်ဆာရောဂါ ပညာပေးအစီအစဉ်များဆောင်ရွက်ရန်၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ၂၀၀၆ ကို တိုးမြှင့်အကောင်အထည်ဖော်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အရပ်ဘက်အဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်ရန်၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများမှ ပူးပေါင်းပါဝင်သည့် လူမှုဖူလုံရေးလုပ်ငန်းများဖြင့် ကင်ဆာအဖွဲ့အစည်းများ၏ လုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်၊ ဒေသဆိုင်ရာ လုပ်အားပေးများကို သင်တန်းပေးပြီး တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်ရေး ကြိုးစားဆောင်ရွက်ရာတွင် ဆေးလိပ်အန္တရာယ်ကို အသိပညာပေးခြင်းနှင့် ခေတ်နှင့်အညီ ဆက်သွယ်ရေးနည်းပညာများဖြင့် လူထုကို အသိပညာပေးခြင်းများဆောင်ရွက်ရန် အချက်များအား ဆွေးနွေးခဲ့ပါသည်။

(ဃ) ကင်ဆာရောဂါကုသရေးအတွက် ဘတ်ဂျက်လုံလောက်မှုမရှိခြင်း၊ ကင်ဆာရောဂါဆိုင်ရာ ဦးစီးဆောင်ရွက်သူမရှိခြင်းတို့ကြောင့် ကင်ဆာရောဂါ ထိန်းချုပ်ရေးဆောင်ရွက်ရန် ခက်ခဲစေကြောင်း၊ ၂၀၁၈-၂၀၁၉ခုနှစ်တွင် ကင်ဆာဆေးဝါးများအတွက် ကျပ်ငွေ (၉)ဘီလီယံ တင်ပြတောင်းခံခဲ့ရာ ကျပ်ငွေ (၃)ဘီလီယံသာ ရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် မကူးစက်နိုင်သောရောဂါများဆိုင်ရာ သီးခြားဘတ်ဂျက်မရှိသေးကြောင်း၊ ကမ္ဘာပေါ်တွင် (၄၇)နိုင်ငံနှင့် အာဆီယံဒေသတွင်း (၈)နိုင်ငံတို့တွင် သတ်မှတ်ထားကြောင်း၊ ထိုင်းကျန်းမာရေးဖောင်ဒေးရှင်းမှ ဆေးလိပ်နှင့်ဆေးရွက်ကြီး၊ အရက်ယမကာထုတ်ကုန်များအပေါ် ခေါင်းစဉ်(၄)မျိုးဖြင့် အပိုထပ်ဆောင်းခွန် (၇.၅%)ကောက်ခံ၍ ကျန်းမာရေးမြှင့်တင်မှုရန်ပုံငွေ (ကျန်းမာရေး၊ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်ကျန်းမာရေးစောင့်ရှောက်မှု၊ အားကစားနှင့်ပညာပေးရေးလုပ်ငန်းများအတွက်) အသုံးပြုဆောင်ရွက်သကဲ့သို့ မြန်မာနိုင်ငံတွင် လုပ်ဆောင်သင့်ကြောင်း ဆွေးနွေးသိရှိရပါသည်။

၁၀။ ကင်ဆာရောဂါကုထုံးဆိုင်ရာစိန်ခေါ်မှုများ-

(က) ကင်ဆာရောဂါကုထုံးဆိုင်ရာ စိန်ခေါ်မှုများအနေဖြင့် ဝန်ထမ်းအင်အားနည်းပါးခြင်း၊ ဓာတ်ရောင်ခြည်ကုသစက်များ ပြည့်စုံလုံလောက်မှုမရှိခြင်း၊ စက်ပစ္စည်းပြင်ဆင်စရိတ်၊ ထိန်းသိမ်းစရိတ်များနှင့် ဆေးဝါးလုံလောက်မှုမရှိခြင်း၊ ပုဂ္ဂလိကဆေးရုံများတွင် ဆေးကုသမှုကုန်ကျစရိတ်၊ အစားအစာနှင့်လူနာစောင့်ကုန်ကျစရိတ်

မြင့်မားခြင်းတို့ တွေ့ရှိရပြီး၊ အစိုးရပုဂ္ဂလိက ဖက်စပ်ဆေးခန်းများ Public Private Partnership (PPP) ဆေးခန်းများ ဖွင့်လှစ်ရန်လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(ခ) ခါတ်ရောင်ခြည်ကုသရေး ဆောင်ရွက်ပေးနေမှုတွင် ကုသနိုင်သည့်ဆေးရုံ နည်းပါးခြင်းကြောင့် လူနာများစုပုံနေခြင်းနှင့် စောင့်ဆိုင်းချိန်ကြာမြင့်ခြင်း၊ ကင်ဆာရောဂါကုဆေးရုံများတွင် ဆရာဝန်နှင့် ဝန်ထမ်းအင်အားများမပြည့်စုံခြင်း၊ ကုသရေးအထောက်အကူပြု စက်အရေအတွက်နှင့် ကင်ဆာရောဂါကုသရေး ဆေးဝါးများ လုံလောက်မှုမရှိခြင်းတို့သည် အဓိကပြဿနာများဖြစ်ကြောင်း တွေ့ရှိရပါသည်။ ခါတ်ရောင်ခြည်ကုသမှု အခြေအနေများကိုလည်း တွေ့ရှိနိုင်ပါသည်။

(ဂ) မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှဒေသရှိ သာမန်ပြည်သူများ ကင်ဆာရောဂါကုသမှုအတွက် ပျမ်းမျှကုန်ကျစရိတ် မြင့်မားနေကြောင်းနှင့် တွေ့ဆုံမေးမြန်းမှုများအရ ကင်ဆာရောဂါဝေဒနာရှင်များသည် ကုသမှုကြောင့် ကုန်ကျစရိတ်ကြီးမြင့်မှုနှင့် အကြွေးတင်ကြောင်း သိရှိရပါသည်။ ကင်ဆာရောဂါကုဆေးရုံကြီးများတွင် ပထမအကြိမ် ဆေးကုသမှုကုန်ကျ ငွေကျပ်သုံးသိန်းမှ ခြောက်သိန်းထိ ကုန်ကျကြောင်း သိရှိရပါသည်။

(ဃ) ပုဂ္ဂလိကဆေးရုံများတွင် ခါတ်ရောင်ခြည်ကုသစရိတ်တစ်ကြိမ်လျှင် ငွေကျပ် ၁၂၅၀၀၀၀/- မှ ၁၈၀၀၀၀၀/- ကျပ်အထိပေးရကြောင်း သိရှိရပါသည်။

(င) ၂၀၁၆ ခုနှစ် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် လူဦးရေ (၁၀၀၀)အတွက် ကျန်းမာရေးလုပ်သားဆရာဝန်၊ သူနာပြုနှင့် သားဖွား (၁.၃၃)ဦးသာ ရှိသဖြင့် WHO ၏ အနိမ့်ဆုံးသတ်မှတ်ချက် (၂.၃)ဦးထက်များစွာ လျော့နည်းနေပြီး အများစုမှာ ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင်သာ ရှိနေကြကြောင်း သိရှိရပါသည်။

(စ) ကင်ဆာရောဂါကုသရေး ဆေးရုံ(၄)ရုံရှိ ခါတ်မှန်ဌာနများတွင် ဖွဲ့စည်းပုံအရ ဆရာဝန်နှင့် ခါတ်မှန်ပညာရှင်ပေါင်း (၉၄)ဦးရှိနေပြီး လစ်လပ် (၇၄)ဦးရှိနေကြောင်း တွေ့ရှိရပါသည်။

(ဆ) ဝန်ကြီးဌာနမှ ဝန်ထမ်းအင်အားနှင့် ကျွမ်းကျင်မှုနှစ်ခုလုံး တိုးမြှင့်ရန် အထူးလိုအပ်နေခြင်း၊ အစိုးရဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စေရန် အချိန်ပိုဝင်ငွေနှင့် ဆုချီးမြှင့်ခြင်း၊ အစိုးရပုဂ္ဂလိက ဖက်စပ် (PPP) ဆေးခန်းဖွင့်လှစ်ရေး၊ ပမာဏနည်းသော ဝယ်ယူမှုမျိုးကဲ့သို့သော ကိစ္စများတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းဖြင့် ဝန်ဆောင်မှု တိုးတက်

ကောင်းမွန်စေခြင်း၊ ဆေးဝါးပြတ်လပ်မှုကာကွယ်ရန် တစ်နှစ်စာ ဘတ်ဂျက်အစား နှစ်နှစ်စာထောက်ပံ့မှုဘတ်ဂျက်ရရှိရေး စဉ်းစားသင့်ခြင်းတို့ကို တွေ့ရှိရပါသည်။

(ဇ) ကင်ဆာပူးပေါင်းကုသရေး ဆေးခန်း (JCC)များနှင့် ကင်ဆာဘက်ပေါင်းစုံ ကုထုံးများပြုလုပ်ရန် ပိုမိုလိုလားကြပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် မြန်မာကင်ဆာအင်စတီကျု ဖွဲ့စည်းပုံမရှိ၍ တိုးချဲ့ရန်လိုအပ်လျက်ရှိကြောင်း၊ လက်ရှိတွင် (JCC)ကို ရန်ကုန်မြို့နှင့် တောင်ကြီးမြို့ဆေးရုံများတွင် ဆောင်ရွက်နေသော်လည်း ပိုမိုကောင်းမွန်သော ရလဒ်ရရှိရန် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

(ဈ) ရန်ကုန်ဆေးရုံကြီးတွင် ကင်ဆာရောဂါကုသရေး ငါးထပ်ဆောင် ဆောက်လုပ်နေကြောင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်တွင် အသစ်ဆောက်လုပ်မည့်ဆေးရုံသစ်ကြီး၌ ကင်ဆာရောဂါ ကုသရေးသင်တန်းကျောင်း (ဓာတ်ရောင်ခြည်၊ ဓာတုဆေးသွင်း၊ ဝေဒနာသက်သာရေး စောင့်ရှောက်မှု၊ ကင်ဆာသုတေသနနှင့် လေ့ကျင့်ရေးသင်တန်းများ) စီစဉ်နေကြောင်းသိရှိရပြီး နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံကြီးတွင် ကင်ဆာအဆင့်မြင့်အထူးကုဌာန အမှန်တကယ် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၁၁။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်ရေး ဘက်စုံပူးပေါင်းဆောင်ရွက်ခြင်း

(က) အဆုတ်ကင်ဆာဖြစ်ပွားမှုနှင့် ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးမှုတို့ ဆက်စပ်ခြင်း၊ ကွမ်းနှင့် ဆေးရွက်ကြီးတို့မှာ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများအရ ဧည့်သည်များအား ဧည့်ခံရာတွင် အသုံးပြုနေကြကြောင်း၊ ကွမ်းနှင့် ဆေးရွက်ကြီးတို့မှာ ဆေးလိပ် သောက်ခြင်းလောက် အန္တရာယ်မများဟု လူအများစုက မှတ်ယူနေကြကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ၂၀၀၆ ပြဋ္ဌာန်းထားသော်လည်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်မှု အလွန်အားနည်းနေကြောင်း (အခွန်တိုးမြှင့်သတ်မှတ်ခြင်း ဆေးလိပ်မသောက်ရနေရာ သတ်မှတ်ခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ် အသိပညာပေးလှုံ့ဆော်ခြင်း၊ ဆေးလိပ်ကြော်ငြာနှင့် အရောင်းမြှင့်တင်ခြင်းကို တားမြစ်ပိတ်ပင်ခြင်း) တွေ့ရှိရပါသည်။

(ခ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို ကာကွယ်ထိန်းချုပ်ရေးသည် မကူးစက်နိုင်သော ရောဂါများနှင့် ကင်ဆာရောဂါ ကာကွယ်လျှော့ချရေးတွင် အရေးကြီးဆုံးဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စရိတ်နည်းပြီး အမြန်ဆုံး

အောင်မြင်ရန် နည်းလမ်းများတွင် အဆင့်မြင့်ပုဂ္ဂိုလ် (သမ္မတ၊ ဒုတိယသမ္မတ )များ ဦးဆောင်၍ မကူးစက်နိုင်သောရောဂါများ ကာကွယ်လျှော့ချရေး ကဏ္ဍပေါင်းစုံ ပူးပေါင်းလုပ်ဆောင်ခြင်းတို့ ပါဝင်ကြောင်း တွေ့ရှိရပါသည်။

(ဂ) လွှတ်တော်အနေနဲ့ ကင်ဆာရောဂါကာကွယ်တားဆီးရေးနှင့် ပတ်သက်သော မူဝါဒနှင့်ဥပဒေများကို ပြဋ္ဌာန်းခြင်း၊ လက်ရှိဥပဒေကို မွမ်းမံခြင်း (ဥပမာ– ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး ဥပဒေ ၂၀၀၆)၊ မူဝါဒ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေနှင့်အညီ အကောင်အထည်ဖော်ရန်အတွက် ကဏ္ဍပေါင်းစုံထိန်းချုပ်မှုကော်မတီကို ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်းဒေသကြီးအဆင့်မှ ရပ်ကွက်အထိ အဆင့်ဆင့်ဖွဲ့စည်းပြီး လုပ်ငန်းစီမံချက်များဖြင့် လက်တွေ့ ဆောင်ရွက်ရန် လိုအပ်လျက်ရှိခြင်းတို့ တွေ့ရှိရပါသည်။

၁၂။ အဆုတ်ကင်ဆာလူနာအား တွေ့ဆုံမေးမြန်းခြင်း

(က) အသက်(၇၂)နှစ်အရွယ် အမျိုးသမီးအဆုတ်ကင်ဆာလူနာသည် ဓာတ်ရောင်ခြည်ကုသမှု (၁၇)ကြိမ်အတွက် ကုန်ကျစရိတ်ငွေကျပ် သိန်း(၅၀)ခန့်ရှိပြီး သက်သာနေပြီဖြစ်ကြောင်း၊ ပဲခူးမြို့မှ နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတွင် စွမ်းအားပြည့်ဓာတ်ရောင်ခြည်ကုသမှုဖြင့် ကုသနေကြောင်း၊ ဆေးလိပ်သောက်ခြင်းနှင့် အဆုတ်ကင်ဆာဆက်စပ်မှုကို မသိရှိကြောင်း၊ ရောဂါသက်သာလျှင် ဆေးလိပ်ပြန်သောက်မည်ဖြစ်ကြောင်း၊ နှစ်ပေါင်း (၅၀)ခန့် နေ့စဉ်ဆေးပြင်းလိပ် ၃–၅ လိပ်ထိ သောက်ခဲ့ကြောင်း မေးမြန်းသိရှိရပါသည်။

(ခ) မေးမြန်းသိရှိမှုအရ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေ ၂၀၀၆ ကို တိုးမြှင့်အကောင်အထည်ဖော်သင့်ကြောင်း၊ ပြည်သူလူထုအား ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ် အသိပညာပေးလှုံ့ဆော်ခြင်း၊ ကင်ဆာရောဂါလူနာများအတွက် ကျန်းမာရေးအာမခံစနစ် လွှမ်းခြုံမှုဆောင်ရွက်ပေးခြင်း၊ အစိုးရဆေးရုံများတွင် ဓာတ်ရောင်ခြည်စက်များ၊ စွမ်းအားမြင့် အသုံးပြုနိုင်ရန် အရေအတွက်တိုးမြှင့်ခြင်း၊ အဆင့်မြင့်တင်ခြင်း၊ အခြေခံအဆောက်အဦနှင့် ပြင်ဆင်စရိတ်များ တိုးမြှင့်သုံးစွဲခြင်းတို့ လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၁၃။ သုံးသပ်အကြံပြုချက်များ

(က) ကင်ဆာရောဂါများ ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူလူထု၏ အသိပညာဗဟုသုတနှင့် ကျန်းမာအောင်နေထိုင်နိုင်သည့် အပြုအမူများအတွက် ကျန်းမာရေး အသိပညာမြှင့်တင်ပေးရန် လိုအပ်ပါသည်။

(ခ) အခြေခံကျန်းမာရေး ဝန်ထမ်းများအား ကင်ဆာရောဂါနှင့် မကူးစက်နိုင်သော ရောဂါကာကွယ်ရေး ဗဟုသုတများ လေ့ကျင့်သင်ကြားပေးပြီး ၎င်းတို့မှ ပြည်သူလူထုသို့ ဆက်လက်ဖြန့်ဝေခြင်း၊ မီဒီယာများမှတစ်ဆင့် ကျန်းမာရေးအသိပညာ ပေးရန် CSOs နှင့် ဒေသခံစေတနာ့ဝန်ထမ်းများမှ လုပ်ဆောင်ခြင်းတို့ ဆောင်ရွက်သင့်ပါသည်။

(ဂ) ကင်ဆာရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ဆောလျင်စွာ ရောဂါရှာဖွေခြင်းနှင့် ကုသခြင်းတို့ အရေးကြီးပါသည်။ လက်ရှိ ကျန်းမာရေးရန်ပုံငွေနည်းပါးမှုကို ကျန်းမာရေးအာမခံစနစ်ဖြင့် အစားထိုးရန် (PPP) ကို လုပ်ဆောင်သင့်ပါသည်။ (ကျန်းမာရေးအာမခံစနစ်နှင့် ကင်ဆာရောဂါ ချက်ချင်းကုသပေးခြင်းဖြင့် ဆင်းရဲနွမ်းပါးသူများအတွက် ပိုမိုကောင်းမွန်သည့် ကျန်းမာရေးဝန်ဆောင်မှုရရှိနိုင်ပြီး အစိုးရဝန်ထမ်းအင်အားကို ထိရောက်စွာ အသုံးပြုနိုင်ရန် အစိုးရပုဂ္ဂလိက ဖက်စပ်ဆေးခန်း (PPP)ဖွင့်လှစ် လုပ်ဆောင်သင့်ပါသည်)

(ဃ) ကင်ဆာဘက်ပေါင်းစုံကုထုံးနှင့် ကင်ဆာပူးပေါင်းဆေးခန်း (JCC) တို့၏ အကျိုးသက်ရောက်မှုမြှင့်တင်ရန်နှင့် ပိုမိုကောင်းမွန်သော ရလဒ်ဖော်ထုတ်ရန်အတွက် ပထမဆုံး မှတ်ပုံတင်ခြင်းမှစတင်၍ ရောဂါရှာဖွေခြင်း၊ ကုသခြင်းအထိ သက်ဆိုင်ရာ ဆရာဝန်ကြီးများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများမှ လိုအပ်သလို ပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

(င) လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေး ဝန်ထမ်းအင်အားနှင့် ကျွမ်းကျင်မှုနှစ်မျိုးစလုံး တိုးမြှင့်ရန်နှင့် ပုဂ္ဂလိကဆေးဘက်ပညာရှင်များ ကျွမ်းကျင်မှုအတွက် နိုင်ငံတကာ သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

(စ) အာဆီယံဒေသတွင်း (၈)နိုင်ငံတွင် မကူးစက်နိုင်သောရောဂါများဆိုင်ရာ ဘတ်ဂျက်သက်မှတ်ထားရှိရန်လိုအပ်ခြင်း၊ ထိုင်းကျန်းမာရေးဖောင်ဒေးရှင်းကဲ့သို့ အပိုဆောင်းအခွန်ကောက်ခံခြင်း၊ ကျန်းမာရေးမြှင့်တင်မှု ရန်ပုံငွေထူထောင်ခြင်းစနစ်များကို ဖော်ဆောင်သင့်ပါသည်။

(ဆ) စက်ပစ္စည်းပြင်ဆင်စရိတ်နှင့် အခြေခံလိုအပ်ချက် (လျှပ်စစ်ဓာတ်အား)များ တိုးမြှင့်ထောက်ပံ့ရန်နှင့် နေ့စဉ်လုပ်ငန်းလည်ပတ်မှုတွင် ပမာဏအနည်းငယ် ဝယ်ယူမှုအတွက် ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး သက်ဆိုင်ရာ ဆေးရုံ/ဌာနများမှ တိုက်ရိုက်ဆောင်ရွက်ခွင့်ပြုပေးသင့်ပါသည်။

(ဇ) ဆေးဝါးများ စဉ်ဆက်မပြတ် ဖြည့်ဆည်းရန် လိုအပ်ပြီး၊ ဆေးဝါးပြတ်လပ်ခြင်းမှ ကာကွယ်ရန် တစ်နှစ်စာ ဘတ်ဂျက်အစား နှစ်နှစ်စာထောက်ပံ့မှုဘတ်ဂျက်ကို လိုအပ်သလို ဆောင်ရွက်ပေးသင့်ပါသည်။

(ဈ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေ ၂၀၀၆ ကို အကောင်အထည်ဖော်ခြင်းနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်ခြင်းသည် မကူးစက်နိုင်သောရောဂါများနှင့် ကင်ဆာရောဂါထိန်းချုပ်ရေးတွင် အရေးကြီးပါသည်။ ဆေးလိပ်သောက်သုံးမှု တားမြစ်နိုင်ရန် မသောက်ရသည့်နေရာအစား ဆေးလိပ်သောက်နိုင်သည့်နေရာကို သတ်မှတ်ပေးသင့်ပါသည်။ အဆိုပါ ဥပဒေကို အကောင်အထည်ဖော်ရန် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ကော်မတီဖွဲ့စည်းရန်၊ ဥပဒေလုပ်ငန်းကော်မတီနှင့် ငွေကြေးပံ့ပိုးရန်၊ ထိန်းချုပ်ရေး လုပ်ဆောင်မှု တာဝန်ပေးအပ်ရန် ကွဲလွဲမှုများအတွက် အခြားဥပဒေများနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေ ၂၀၀၆ အကြား ညှိနှိုင်းဆောင်ရွက်မှုပြုလုပ်ရန် လိုအပ်ပါသည်။

(ည) ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကင်ဆာရောဂါကုသရေး ငါးထပ်ဆောင် ဆောက်လုပ်နေခြင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်တွင် အသစ်ဆောက်လုပ်မည့် ဆေးရုံ သစ်ကြီး၌ ကင်ဆာရောဂါကုသရေး သင်တန်းကျောင်း (ဓာတ်ရောင်ခြည်၊ ဓာတု ဆေးသွင်း ဝေဒနာသက်သာရေး စောင့်ရှောက်မှု၊ ကင်ဆာရောဂါ သုတေသနနှင့် လေ့ကျင့်သင်ကြားရေးသင်တန်းများ)ကို ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေသကဲ့သို့ နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးတွင်လည်း ၎င်းသင်တန်းများ ဖွင့်လှစ်ရန် လိုအပ်လျက်ရှိပါသည်။

**နိဂုံး**

၁၄။ အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီသည် လုပ်ငန်းဆောင်ရွက်မှုတစ်ခုဖြစ်သော ကင်ဆာရောဂါဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းများလျှော့ချခြင်းနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ လေ့လာဖော်ထုတ်ခြင်းအစီရင်ခံစာ တစ်စောင်အား ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ဤအစီရင်ခံစာသည် ပြည်သူလူထုအတွက် အတိုင်းအတာတစ်ခုအထိ အကျိုးရှိမည်ဟု ယုံကြည်မိပါသည်။ လေ့လာတွေ့ရှိချက်များနှင့် အကြံပြုချက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ

အားလုံးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။

**အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁:၄၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ပြီးဆုံးသည့်အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် ဒသမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၄၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ လွှတ်တော်ကိုယ်စားလှယ်လောင်း စိစစ်မယ့်ကာလအတွက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၈ ရက်မှ ၁၈ ရက်အထိ ကာလကိုတော့ လွှတ်တော်အစည်းအဝေးများ ခေတ္တရပ်နား သွားမှာဖြစ်ကြောင်းနဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၁:၄၇ နာရီအချိန်တွင် ရပ်နားပါသည်။]